# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၂]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)



# ဒေသခံပြည်သူများအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်

"လူကြောင့် ရေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်"

သတင်း၊ စာမျက်နှာ-၃



# မြန်မာ ဗိုလ်လုပွဲတက်ပြီ

မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုက အဓိကအခန်းကဏ္ဍမှပါဝင်

ဆီးဂိမ်း ဗိုလ်လုပွဲနှင့် ရှစ်နှစ်ကြာဝေးကွာခဲ့ရမှု အဆုံးသတ်



သတင်း၊ စာမျက်နှာ-၁၃

ဓာတ်ပုံ-စိုးညွန့်(ခေတ္တစင်ကာပူ)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး အလေးထား

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသည်ပိုမိုတိုးပွားလာလျက်ရှိရာ နေ့စဉ်စားသုံးမည့် စားနပ်ရိက္ခာ လိုအပ်ချက်သည် မြင့်မားလာလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုများကြောင့် စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတိုင်းက နောင်လာနောက်သားများအတွက် ရည်မှန်းကာ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရရရှိရေးအပေါ် အလေးထားဆောင်ရွက်ရန် လိုအပ်လာပါသည်။

ထို့ကြောင့်လည်း အီတလီနိုင်ငံ ရောမမြို့၌ ဇွန် ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက် ညီလာခံမှ သတ်မှတ်ထားသည့် ''လူမှုဘဝကာကွယ်မှုနှင့် ရေရှည်တည်တံ့သော လယ်ယာကဏ္ဍဖွံ့ဖြိုးမှုတို့ဖြင့် ကျေးလက်ဒေသ၏ ကြံ့ခိုင်စွမ်းရည်ကိုမြှင့်တင်ခြင်းအားဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုတို့နှင့်ငတ်မွတ်ခေါင်းပါးမှု သံသရာကို တွန်းလှန်ကြပါစို့'' ဟူသောဆောင်ပုဒ်ကို မြန်မာနိုင်ငံက အလေးအနက်ထောက်ခံလျက် ပြည်သူများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့အလေးထားဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်လုံခြုံစိတ်ချရမှုရှိစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကြောင့် အာဟာရချို့တဲ့မှုညွှန်းကိန်းကို ၁၉၉၀-၁၉၉၂ခုနှစ်တွင် ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄-၂၀၁၆ ခုနှစ်တွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အာဟာရချို့တဲ့မှုဦးရေကိုလည်း ၁၉၉၀-၁၉၉၂တွင် ၂၆ ဒသမ ၈ သန်းရှိရာမှ ၂၀၁၄-၂၀၁၆ တွင် ၇ ဒသမ ၇ သန်းသို့ လည်းကောင်း လျှော့ချနိုင်ခဲ့ကြောင်း FAO အဖွဲ့ကြီးက အတည်ပြုထုတ်ပြန်ကြေညာခဲ့ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရောမမြို့၌ကျင်းပခဲ့သော ညီလာခံကြီးက မြန်မာနိုင်ငံအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့မှ အာဟာရမပြည့်ဝမှုကို ထူးချွန်ပြောင်မြောက်စွာ လျှော့ချနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခဲ့ပါသည်။

ဤဂုဏ်ပြုချီးမြှင့်လိုက်ခြင်းကပင် မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို တွန်းအားပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထူးအလေးထားဖော်ဆောင်ပေးလျက်ရှိပါသည်။ အထူးသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသဖြင့် လာမည့်နှစ်များအတွင်း ဆင်းရဲမှုနှုန်းကို ပိုမိုလျှော့ချလာနိုင်ပြီး ပြည်သူများအားလုံး စားရေရိက္ခာနှင့် အာဟာရပြည့်ဝစွာ စားသုံးလာနိုင်မည်ဖြစ်ပါကြောင်း ။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။**
**ဘာမှားနေလဲ၊ ပြင်ဆင်ပါ။**
**သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။**

## မိုးစပါးပုလဲသွယ် စပ်မျိုးစပါး အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးရေးပညာပေးဟောပြော

**တပ်ကုန်း ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မိုးစပါးပုလဲသွယ် စပ်မျိုးစပါး အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ဇွန် ၁၃ ရက်က တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ နေပြည်တော် စိုက်ပျိုးရေး ဦးစီးမှူး ဦးတင်ဦးကြိုင်က တပ်ကုန်းမြို့နယ်တွင် မိုးစပါး စိုက်ဧက ၄၆၄၄၅ ဧကရှိရာ စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ပုလဲသွယ် စပ်မျိုးစပါးကို ကွက်လပ်မကျန်အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးမှူးနှင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးတို့က စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သတ်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ တိုင်း၊ ခရိုင်မှ တာဝန်ရှိသူများနှင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ကျေးရွာအုပ်စု ၅၂ အုပ်စုသို့ ကွင်းဆင်း၍ ပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## ကမ္ဘာ့ကလေးလုပ်သား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျင်းပ

**မန္တလေး ဇွန် ၁၃**

ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၁၂ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ မိဘနှင့် အလုပ်ရှင်များ ပူးပေါင်းဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုပပျောက်ရေး၊ ကလေးလုပ်သားပပျောက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုမှ ဒုရဲမှူးအေးအေးဝင်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**






## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၁၀-၅၁၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၁၅၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၀၀-၂၇၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၁၈၀-၁၂၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော့ဒုတင်ပြသည်။

# ဒေသခံပြည်သူများအတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်



နေပြည်တော် ဇွန် ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကို၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ဇုန်အတွင်းတူးဖော်တွေ့ရှိသည့် ရှေးဟောင်းအဆောက်အအုံများ၊ နန်းမြို့ရိုးများ၊ ဘုရားစေတီများ၊ လက်ဝတ်ရတနာများ၊ အရိုးအိုးများ၊ ဗိသုကာလက်ရာများ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်သည့် ခိုင်မာမှုရှိခြင်း၊ စစ်မှန်မှုရှိခြင်း၊ စံတန်ဖိုး(၂)၊ စံတန်ဖိုး(၃)၊ စံတန်ဖိုး(၄) တို့ဖြင့် ကိုက်ညီမှုအခြေအနေ၊ တူးဖော်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ခရီးသွားအစီအစဉ်၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ဒေသဖွံ့ဖြိုးရေး၊ ရေရရှိရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများအတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူကြောင့်လည်းကောင်း ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင် ထားရှိရသည့် စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် ရှေးဟောင်းသုတေသနပညာရှင် မျိုးဆက်သစ်များမွေးထုတ်ပေးနိုင်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့များသည် ဗိဿနိုးရှေးဟောင်း သုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားသော တူးဖော်ရရှိသည့် ကျောက်လက်နက်၊ သံလက်နက်၊ အရိုးအိုးများ၊ ဘုရားစေတီများ၊ မြို့ရိုးနှင့် နန်းတော်ရာ ဗိသုကာလက်ရာများ၊ လက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုလေ့လာရာ **(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗိဿနိုးရှေးဟောင်း သုတေသနပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဗိဿနိုးရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ ကုန်းအမှတ်(၂/၃/၄)ရှိ ဘုရားစေတီနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို လည်းကောင်း၊ ကုန်းအမှတ်(၂၈)ရှိ အရိုးအိုးမြုပ်နှံမှုဓလေ့အား တူးဖော်ထိန်းသိမ်းပြသထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်းရှိ ရွှေရောင်တော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစိတ္တညာဏ အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်တွင် ကုန်းအမှတ်(၂/၃/၄) နှင့် ကုန်းအမှတ်(၂၈)တို့တွင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန် ပတ်ဝန်းကျင်ကျေးရွာများမှ စောင့်ကြိုနေကြသည့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရာသီဥတုနှင့်စိုက်ပျိုးရေးအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိဿနိုးမြို့ဟောင်းသည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ မိနစ် ၄၆ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၂၉ ဒီဂရီ ၀၀ မိနစ် ၁၄ စက္ကန့်အတွင်း တည်ရှိပြီး တောင်တွင်းကြီးမြို့မှ အနောက်တောင်ဘက် ၁၈ ကီလိုမီတာအကွာ ကုက္ကိုခွကျေးရွာ၏မြောက်ဘက်တွင် တည်ရှိသည်။ အုတ်မြို့ရိုးနှင့် ရေကျုံးပတ်လည် ကာရံထားသော မြို့ဟောင်း၏ အကျယ်အဝန်းသည် ဧက ၂၄၂၀ ရှိသည်။ မြို့ဟောင်း၏ အနောက်မြောက်ဘက်တွင် အင်းရွာကြီးကျေးရွာ၊ အရှေ့မြောက်ဘက် မြို့ရိုးအပြင်ဘက်တွင် ရွှေရောင်တော်စေတီတော်တို့ တည်ရှိသည်။

ဗိဿနိုးမြို့ဟောင်းနှင့် ပတ်ဝန်းကျင်ရှိ ဧရိယာ ၂၂၉၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းသောလွင်ပြင်သည် မြောက်ဘက်တွင် ဆဒ့်ချောင်း၊ တောင်ဘက်တွင် ရန်ပယ်ချောင်းနှင့် အနောက်ဘက်တွင် ယင်းချောင်းနှစ်ခု ပေါင်းဆုံရာမှ ပေါ်ပေါက်လာသော လွင်ပြင်ဖြစ်သည်။

မြို့တွင်းမြို့ပြင်တွင် ရှေးဟောင်းအဆောက်အအုံများ ပျံ့နှံ့တည်ရှိပြီး စတုရန်းပုံ အုတ်မြို့ရိုး၏ အနားသုံးဖက်ကို မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် ထင်ရှားစွာ တွေ့ရသည်။ အနောက်ဘက်တွင်မူ မြို့ရိုးမတွေ့ရှိရတော့ဘဲ အင်းကြီးကန်ဖြင့် မြို့နယ်နိမိတ်ကို ပိုင်းခြားထားသည်။

ဗိဿနိုးမြို့ဟောင်းအပါအဝင် ဟန်လင်း၊ သရေခေတ္တရာ၊ ပျူရှေးဟောင်းမြို့များသည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးအမျိုးအစား(၂)၊ (၃)၊ (၄)တို့ဖြင့် ပြည့်စုံကြောင်း အထောက်အထား တင်ပြနိုင်ခဲ့၍ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က ပြုလုပ်ခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသများအဖြစ် သတ်မှတ်ခဲ့သည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လိုက်နာရမည့် စည်းကမ်းချက်များ (ကောက်နုတ်ချက်)တွင် ထိခိုက်စေမှုမျိုးဖြစ်သော သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘာဝရှုခင်း၊ တိရစ္ဆာန်၊ အပင်ဖွဲ့တည်မှု၊ ရေအရင်း အမြစ်စသည်တို့ကို ထိခိုက်စေသည့် ဆောင်ရွက်ခြင်းများ၊ ရွှေကျင်ခြင်း၊ မြေတူးခြင်း၊ ရေကန်တူးခြင်း၊ ကျောက်ထုတ်ခြင်း၊ တောင်ပူစာနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ ကန်၊ မြောင်း၊ လျှို၊ ချိုင့်၊ လွင်ပြင်များ၊ မြေဖို့ခြင်းနှင့် သဘာဝရှုခင်း၊ ရှုကွက်ကို ပျက်စီးစေနိုင်သော ဆောင်ရွက်မှုမျိုး၊ အဆောက်အအုံများ၊ (ဥပမာ- သံဃာတော်များ၊ သာသနာပိုင်များ၊ အဖွဲ့အစည်းအမျိုးမျိုး၊ လူထုအဖွဲ့အစည်းများ၊ စသည့်)တို့ကို ပြင်ဆင်၊ မွမ်းမံ၊ ထိန်းသိမ်း၊ ပြုပြင်ခြင်း၊ ရှေးဟောင်း အဆောက်အအုံများ ပြင်ဆင်မွမ်းမံ ထိန်းသိမ်းခြင်း၊ စက်ယန္တရားများနှင့် ထွန်ယက်စိုက်ပျိုးခြင်း၊ အခြားတူးဆွခြင်း၊ ခြောက်ပေထက်ပို၍ မြင့်မားသော စီးပွားဖြစ် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ကို ခွင့်မပြုကြောင်း သတ်မှတ်ထားသည်။

ထိုသို့ ပျူမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရသည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာခြင်း၊ အမွေအနှစ်ဒေသများ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဘုရားဖူးပြည်သူများ၊ သုတေသနပြု လေ့လာလိုသူများ တိုးပွားလာခြင်း၊ နိုင်ငံတကာ၏ စိတ်ဝင်စားမှုပိုမိုရရှိလာပြီး နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာမှု ပိုမိုများပြားလာခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များအတွက် နိုင်ငံတကာမှ ပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် သုတေသနလုပ်ငန်းများ စနစ်တကျကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဝမ်းမြောက်ဝမ်းသာကြိုဆိုနှုတ်ဆက်နေကြသည့် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

## အာဖဂန်စစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၁၁၄ ဦးသေဆုံး

**ကဘူးလ် ဇွန် ၁၃**

အာဖဂန် လုံခြုံရေးတပ်များက ကြာသပတေးနေ့ အစောပိုင်းကတည်းက စစ်သွေးကြွများအား စစ်ဆင်ရေး ဆောင်ရွက်ပြီး တိုက်ပွဲပြင်းထန်စွာဖြစ်ပွား၍ စစ်သွေးကြွ ၁၁၄ ဦးအား သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အာဖဂန် ကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ၄၈ နာရီအတွင်း စစ်ဆင်ရေး ဆင်နွှဲခဲ့ရာ အကြမ်းဖက်သမား ၁၁၄ဦးသေဆုံးပြီး ၁၀၃ဦးဒဏ်ရာရခဲ့ကြောင်း ယင်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါကာလအတွင်း မြေမြှုပ်မိုင်း ပေါက်ကွဲမှုနှင့် ရန်သူစစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၄ဦး သေဆုံးခဲ့ကြောင်း အဆိုပါကြေညာချက်က အတည်ပြုထားသည်။

တာလီဘန် စစ်သွေးကြွများဘက်မှ ထုတ်ဖော်ပြောကြားမှုများ မရှိသေးပေ။ တာလီဘန်များက ဇန်နဝါရီ ၁ ရက်မှစတင်ကာ နေတိုးဦးဆောင်သော တပ်များထဲမှ အာဖဂန်လုံခြုံရေးတပ်များ လုံခြုံရေးလွှဲပြောင်းယူပြီး နောက် လွန်ခဲ့သောလများအတွင်း တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

**(ဆင်ဟွာ)**



## တရုတ်ဓာတုစက်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွား

**နန်ကျင်း ဇွန် ၁၃**

သောကြာနေ့ညက တရုတ်နိုင်ငံ အရှေ့ပိုင်း မြို့တော်နန်ကျင်းတွင် ဓာတုစက်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောသည်။

နန်ကျင်းဓာတု ပစ္စည်းစက်ရုံအတွင်းရှိ အောက်စီဂျင်ဓာတ်ပေါင်းကိရိယာ ပေါက်ကွဲပြီး ည ၉ နာရီ ၁၅မိနစ်တွင် မီးစတင်လောင်ခဲ့ရာ အနီးရှိ ဓာတုသိုလှောင်ကန် ခြောက်ခုအနက် သုံးခုကို ကူးစက်လောင်ကျွမ်းခဲ့သည်။ ဓာတုသိုလှောင်ကန်တစ်ခုစီ၌ ကုဗမီတာ ၁၀၀၀ ပမာဏခန့် သိုလှောင်နိုင်စွမ်းရှိသည်။

စက်ရုံရှိအလုပ်သမားများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးရှောင်တိမ်းခဲ့ရသည်။ မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ကျော် ပေါက်ကွဲရာသို့ ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ယူကရိန်းပဋိပက္ခကြောင့် ကလေးငယ်များသေဆုံးမှု ၆၈ ဦးရှိခဲ့ပြီဟု ယူနီဆက်ဖ်ပြော

**ဂျီနီဗာ ဇွန် ၁၃**

ယူကရိန်းအရှေ့ပိုင်း ပဋိပက္ခများ၏ အကျိုးဆက်ကြောင့် ယမန်နှစ်မတ်လကတည်းက ကလေးငယ် ၆၈ ဦးထက်မနည်း သေဆုံးခဲ့ကာ ၁၈၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က သောကြာနေ့တွင် ပြောခဲ့သည်။

သို့သော် ယူနီဆက်ဖ်အနေဖြင့် ပဋိပက္ခကြောင့် သွားရောက်ရန် ခက်ခဲသော နယ်မြေများစွာ ကျန်ရှိနေသေးသည်ဖြစ်ရာ အမှန်တကယ် ကလေးငယ်များ သေကြေပျက်စီးမှုအရေအတွက်သည် ဖော်ပြထားသည်ထက် များပြားလိမ့်မည်ဟု ယူဆသည်။

ယူနီဆက်ဖ်နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းထိမှန်မှုကြောင့် ဒုက္ခရောက်ခဲ့သော မိသားစုဝင်များနှင့် ကလေးငယ် ၅၀၀၀၀၀ အပါအဝင် ယူကရိန်း အရှေ့ပိုင်းရှိ ကလေးငယ်များ၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ဒိုနက်စ်နှင့် လူဟန့်စ်ဒေသများတွင် ပြည်သူ ၅၅၀၀၀၀ ကျော်ကို သောက်သုံးရေရရှိရေး ဖြည့်ဆည်းပေးခဲ့သည်။ ယူနီဆက်ဖ်သည် ကလေးများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အလျင်အမြန်ပေးအပ်နိုင်ရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၈ သန်း ရှာဖွေလျက်ရှိသည်။ **(ဆင်ဟွာ)**

## အိုကီနာဝါအခြေစိုက်စခန်း လေယာဉ်ဆူညံမှုများကြောင့် ဒေသခံများကို နစ်နာကြေးပေးရန် အစိုးရအဖွဲ့အားအမိန့်ချမှတ်

**နာဟာ ဇွန် ၁၃**

အိုကီနာဝါ စီရင်စုနယ်တွင် အမေရိကန်လေတပ်မှ လေယာဉ်ပျံသန်းလေ့ကျင့်မှု ဆူညံသံများကြောင့် ဘေးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ အိုကီနာဝါအပိုင် နာဟာခရိုင် တရားရုံးက ဒေသခံပြည်သူများအား လျော်ကြေးငွေ ၇၅၄ သန်းကို နစ်နာကြေးအဖြစ် ပေးအပ်ရန် အစိုးရအဖွဲ့အား အမိန့်ချမှတ်ခဲ့သည်။

မရိန်းတပ် ဖူတန်မား လေတပ်စခန်း အခြေစိုက်ရာ ဂီနိုဝမ်ဒေသအနီးတွင် နေထိုင်သော ဒေသခံ ၂၂၀၀ခန့်က နေ့စဉ်နှင့်အမျှ လေယာဉ်ပျံသန်းမှု ဆူညံသံများကြောင့် အိပ်စက်ရာတွင် စိတ်အနှောင့်အယှက်ဖြစ်ကာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ခံစားနေရပြီး နေ့စဉ် လူနေမှုဘဝကို ထိခိုက်စေကြောင်း တင်ပြခဲ့ကြသည်။

၎င်းတို့အနေဖြင့် လေယာဉ်ပျံသန်းစဉ် ပျက်ကျလာမည်ကိုလည်း စိုးရိမ်နေရကြောင်း ၎င်းတို့ ရှေ့နေများက တရားလိုများဘက်မှ ခံစားချက်များကို တရားရုံးသို့ တင်ပြပေးခဲ့ကာ ထိခိုက်နစ်နာကြေးအဖြစ် ၁၁ ဘီလီယံကို နိုင်ငံတော်သို့ တောင်းဆိုလိုက်သည်။ ဂျပန်နှင့် အမေရိကန် အာဏာပိုင်များအနေဖြင့် ဖူတန်မား အခြေစိုက်စခန်းကို အိုကီနာဝါကျွန်းပေါ်ရှိ လူနေနည်းပါးသော အခြားနေရာသို့ ရွှေ့ပြောင်းရန် ရှာဖွေလျက်ရှိကာ အသုံးပြုခဲ့သော လေတပ်အခြေစိုက်စခန်းနေရာကို ဂျပန်နိုင်ငံသို့ ထိန်း ချုပ်မှုပြန်ပေးမည်ဖြစ်သည်။ အိုကီနာဝါမြို့တော်ဝန်က လေတပ်စခန်းကို ကျွန်းပေါ်တွင် ပြန်လည်နေရာချထားခြင်းကို ငြင်းဆိုခဲ့သည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလအတွင်းကလည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့သေးသည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် ဖူကူအိုကာ အဆင့်မြင့်တရားရုံးမှ အစိုးရအား နစ်နာကြေး ၃၆၉ သန်း ဒေသခံပြည်သူများအား ပေးအပ်ရန်အတွက် အမိန့်ချမှတ်ခဲ့ပြီး တရားလိုများတင်ပြ တောင်းဆိုသော လေယာဉ်ပျံသန်းမှုများကို နံနက်စောစောပိုင်းနှင့် ညနေပိုင်းတို့တွင် မလုပ်ရန် တောင်းဆိုမှုကိုပယ်ချခဲ့သည်။

**(ကျိုဒို)**





## ဂွမ်တာနာမိုအကျဉ်းသား ခြောက်ဦး အိုမန်၌ အခြေချနေထိုင်ရန် အမေရိကန်က စေလွှတ်

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန် အကျဉ်းစခန်း ဂွမ်တာနာမို၌ ဆယ်စုနှစ်တစ်စုကျော်ကြာ ထိန်းသိမ်းခဲ့သော ယီမင်နိုင်ငံသား ခြောက်ဦးကို အိုမန်၌ အခြေချနေထိုင်ရန် စေလွှတ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က စနေနေ့၌ ပြောခဲ့သည်။ အကျဉ်းစခန်းပိတ်သိမ်းရန်အတွက် သမ္မတအိုဘားမား၏ နောက်ဆုံးလုပ်ဆောင်ချက်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက နိုင်ငံတကာပြစ်တင်ရှုံ့ချမှုများနှင့်ရင်ဆိုင်နေရသော ဂွမ်တာနာမို အကျဉ်းစခန်းကို ပိတ်သိမ်းရေးအတွက် လွှတ်တော်သို့ တင်သွင်းမည့် အဆိုပြုချက်အပေါ် အိမ်ဖြူတော်နှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း ပြောကြားခဲ့ပြီး တစ်ပတ်အကြာတွင် အမေရိကန် အကျဉ်းစခန်းမှ ယီမင် ခြောက်ဦးကို လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းအကျဉ်းစခန်းသည် ကျူးဘားရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းတွင်ရှိကာ အကျဉ်းသားအများစုကို ဥပဒေကြောင်းအရ စစ်ဆေးမေးမြန်းမှု မပြုလုပ်ဘဲ ဖမ်းဆီးထိန်းသိမ်းထားသည်။

အမေရိကန်သမ္မတ အိုဘားမားသည် အကျဉ်းစခန်းကို ပိတ်သိမ်းရန် ၎င်း၏ကာလရှည်ကြာ ရည်မှန်းချက်နှင့် ပတ်သက်ပြီး ဥပဒေပြုသူများ၏ အတိုက်အခံပြုမှုများနှင့် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိသော်လည်း ယခုနောက်ဆုံး ထောင်ခါခြင်းသည် ယခုနှစ်အတွင်း အများဆုံးဖြစ်သည်။ အိုဘားမား သမ္မတတာဝန်ယူခဲ့သည့် ၂၀၀၉ ခုနှစ်နောက်ပိုင်း ဂွမ်တာနာမို အကျဉ်းစခန်းမှ အကျဉ်းသားဦးရေကို ၁၁၆ ဦးအထိ ထက်ဝက်ကျော် ထောင်ခါခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားများကို နေရပ်ပြန်ပို့ပေးခြင်းသို့မဟုတ် အခြားနေရာများတွင် အခြေချနေထိုင်ရန် ခွင့်ပြုခြင်းများကို ဆက်လက်လုပ်ဆောင်နေသော်လည်း အကြီးအကျယ်ထောင်ခါခြင်းကို နောက်ထပ်ပြုလိမ့်ဦးမည်မဟုတ်ကြောင်း အမေရိကန် အကြီးတန်းအရာရှိတစ်ဦးက ပြောခဲ့သည်။

ဂွမ်တာနာမို အကျဉ်းစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားသော ယီမင်နိုင်ငံသား ၆၉ ဦးမှာ ကျန်ရှိ ထိန်းသိမ်းထားသူ ထက်ဝက်ကျော် ပမာဏရှိသည်။ သို့သော်အမေရိကန်သည် ၎င်းတို့ကို နေရပ်ပြန်ပို့ရန် လုံခြုံရေးဆိုင်ရာ ရှုပ်ထွေးမှုများကြောင့် မစဉ်းစားသေးကြောင်း သိရသည်။ **(ရိုက်တာ)**

## ဗီဇာတစ်ခုတည်းဖြင့် နှစ်နိုင်ငံသွားရောက် လည်ပတ်နိုင်

**ဖနောင်ပင် ဇွန် ၁၃**

ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ အတွင်းရေးမှူး Tith Chantha က ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ကို ခရီးသွားလည်ပတ်ရာတွင် ဗီဇာတစ်ခုတည်းကိုင်ဆောင်ကာ ခရီးစဉ်တစ်ခုတည်းဖြင့် နှစ်နိုင်ငံလုံး သွားရောက်လည်ပတ်နိုင်ရေးကို ဖန်တီးပေးထားကြောင်း ပြောကြားခဲ့သည်။

ဤအစီအစဉ်အရ ခရီးစဉ်တစ်ခုတွင် နိုင်ငံတစ်နိုင်ငံတည်းကိုသာ သွားရောက်လည်ပတ်ရခြင်းကို မနှစ်သက်သော ခရီးသွားဧည့်သည်များအတွက် ပိုမိုအဆင်ပြေစေကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံထက်မက လေကြောင်းလိုင်းများပြားပြီး ဥရောပနှင့် ဥရောပတိုက်နိုင်ငံများမှ ခရီးလမ်းကြောင်းရှည် လာရောက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ ထိုင်းနိုင်ငံနှင့်အတူ ပူးတွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ ခရီးသွားနှင့် အားကစားဝန်ကြီး Kobkran Wattanakvrangkul က လုပ်ငန်းရည်မှန်းချက်ကို ၂၀၁၅ မှ ၂၀၁၇ ထိ လုပ်ဆောင်သွားရန် ဇန်ကောက်ပို့စ်သို့ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့အစည်းတွင် ၂၀၀၈ ခုနှစ်မှ အတူပူးတွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းအစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းအုပ်စု၏ ပူးတွဲဥက္ကဋ္ဌ Ho Vandy က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်း ၁ ဒသမ ၃ သန်းရှိခဲ့ပြီး ယမန်နှစ်က ဝင်ရောက်မှုနှုန်း ၁ ဒသမ ၂၆ သန်းနှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာကြောင်းခရီးသွားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

# လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်နွေးထွေးစေရန် ကြိုးပမ်းနေသည့် အမေရိကန်ပြည်ထောင်စု



ထွန်းတောက်

၁၉၅၈ ခုနှစ်က အမေရိကန်ဒုတိယ သမ္မတရစ်ချတ်နစ်ဆင် ဗင်နီဇွဲလားနိုင်ငံ ကာရာကက်မြို့တော်သို့ သွားရောက်လည်ပတ်စဉ် ၎င်းလိုက်ပါလာသောယာဉ်တန်းကို ဒေါသထွက်နေသည့် လက်ဝဲယိမ်းကျောင်းသားများက အကြမ်းဖက်တိုက်ခိုက်ခဲ့စဉ်။ ဓာတ်ပုံ- Livejournal.com

**လက်တွေ့အကျိုးမျှော်ဝါဒ**

ပစ္စုပ္ပန်ကာလတွင် လက်တင်အမေရိကနိုင်ငံများသည် အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေး မြှင့်တင်တည်ဆောက်နိုင်ရန်အတွက် ၎င်းတို့၏ အယူဝါဒ သဘောတရားများကိုနောက်ထားကာ လက်တွေ့အကျိုးမျှော်ဝါဒ (Pragmatism) ကို စတင်ကျင့်သုံးရန် ပြင်ဆင်နေကြသည်ကို တွေ့ရှိနေရသည်။

အမေရိကန်ခေါင်းဆောင်များအဖို့ လက်တင်အမေရိကဒေသသည် အများမြင်သကဲ့သို့ ရိုးစင်းသော ဆက်ဆံရေးကို မြှင့်တင်တည်ဆောက်ရန် လွယ်ကူသော အရပ်ဒေသတစ်ခု မဟုတ်ပါဟု နိုင်ငံရေးပညာရှင်တို့ကဆိုသည်။

၁၉၅၈ ခုနှစ်၌ ထိုစဉ်က အမေရိကန် ဒုတိယသမ္မတရစ်ချတ်နစ်ဆင်သည် ဗင်နီဇွဲလားနိုင်ငံ ကာရာကက်မြို့တော်သို့ သွားရောက်လည်ပတ်ခဲ့စဉ် ၎င်းလိုက်ပါလာသောယာဉ်တန်းကို ဒေါသထွက်နေသည့် လက်ဝဲယိမ်းကျောင်းသားများက အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။

သမ္မတ ရော်နယ်ရေဂင်သည် ဘရာဇီးနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် ဘရာဇီးလီးယားမြို့တွင် လူထုကို မိန့်ခွန်းပြောကြားရာ၌ ဘရာဇီးကို ဘိုလီးဗီးယားဟု မှားယွင်းပြောဆိုမိသည့်အတွက် လူထုပရိသတ်က ဝိုင်းဝန်းလှောင်ပြောင်ရယ်မောခဲ့ကြသည်။

၂၀၀၅ ခုနှစ်၌ အာဂျင်တီးနားနိုင်ငံတွင် အမေရိကတိုက်နိုင်ငံများ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ရာ ထိုအစည်းအဝေးသို့ တက်ရောက်လာသော သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် အာဂျင်တီးနားသမ္မတနက်စတာကာ့ချ်နာတို့က လွတ်လပ်သော ကုန်သွယ်ရေးဇုန်ထူထောင်ရန် အကြံပြုမှုကို ထိုစဉ်က ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်က ကန့်ကွက်ရှုတ်ချပြောဆိုခဲ့သည်။

လေးနှစ်ကြာပြီးနောက် ၂၀၀၉ ခုနှစ်တွင် ထရီနီဒက်နိုင်ငံ၌ အမေရိကတိုက်နိုင်ငံများ ထိပ်သီးအစည်းအဝေးကို ထပ်မံကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် သမ္မတ ဟူဂိုချားဗက်ဇ်သည် နယ်ချဲ့ဆန့်ကျင်ရေးဝါဒ သဘောထားစာတမ်းကို ဖတ်ပြ၍ မိန့်ခွန်းပြောဆိုကာ အစည်းအဝေးတက်ရောက်နေသည့် သမ္မတ အိုဘားမားကို နယ်ချဲ့သမားဟု စောင်းချိတ်ရှုတ်ချ ပြောဆိုခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတအိုဘားမားသည် နှစ် ၅၀ ကျော်မျှ အမေရိကန်အစိုးရအဆက်ဆက် ကုန်သွယ်စီးပွားပိတ်ဆို့ထားခဲ့သည့် ကျူးဘားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်မြှင့်တင်ကာ နှစ်နိုင်ငံကုန်သွယ်မှု ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန် ကြေညာခဲ့သည်။ မကြာမီကလည်း အမေရိကန်နိုင်ငံခြားရေးဌာနသည် အကြမ်းဖက်ဝါဒ ပြုစုပျိုးထောင်သော နိုင်ငံများစာရင်းမှ ကျူးဘားနိုင်ငံကို ပယ်ဖျက်ပေးခဲ့သည်။

လွန်ခဲ့သည့် ဧပြီလတွင် ပနားမားနိုင်ငံ၌ ကျင်းပခဲ့သည့် အမေရိကတိုက်နိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် ပထမဆုံးအကြိမ်အဖြစ် ကျူးဘားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လက်တင်အမေရိကနိုင်ငံအများစုက ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် သမ္မတအိုဘားမားကို သူရဲကောင်းသဖွယ်ကြိုဆိုခဲ့သည်။

**ကုန်သွယ်စီးပွားပိတ်ပင်မှု** (Embargo)

အမေရိကန်ပြည်ထောင်စုက ၅၄ နှစ်ကြာမျှ ကုန်သွယ်စီးပွားပိတ်ပင်ထားခြင်းခံရသည့် ကျူးဘားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို ပယ်ဖျက်ခဲ့ခြင်းသည် ကျူးဘားနှင့်သာမက လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်မြှင့်တင်တည်ဆောက်ရန် သမ္မတအိုဘားမား အစိုးရအနေဖြင့် စတင်ကြိုးပမ်းခြင်း ဖြစ်သည်။

လက်တင်အမေရိကပြည်သူများစွာသည် ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုနှင့် ရာအူးလ်ကက်စထရို ညီအစ်ကို နှစ်ဦးကို မနှစ်သက်ကြပေ။ ထို့အတူပင် လက်တင်အမေရိကနိုင်ငံများအပေါ် အရေးယူပိတ်ဆို့ထားမှုများကိုလည်း လက်တင်အမေရိကပြည်သူများက ပို၍မနှစ်သက်ကြပါဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။ မကြာမီကလည်း အမေရိကန်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

လွန်ခဲ့သည့် ဧပြီလ၌ကျင်းပခဲ့သည့် ပနားမားထိပ်သီးအစည်းအဝေးတွင် အမေရိကန်နှင့် ကျူးဘားကိုယ်စားလှယ်များ နှစ်နိုင်ငံသံရုံးများဖွင့်လှစ်ရန် ဆွေးနွေးညှိနှိုင်းမှုများသည် အများထင်သည်ထက် နှေးကွေးနေသည်ကို တွေ့ရှိရသည်။

ကျူးဘားနိုင်ငံတွင် အမေရိကန်သံရုံးဖွင့်လှစ်နိုင်ခဲ့လျှင် အမေရိကန်သံတမန်များကို နိုင်ငံတွင်း၌ လွတ်လပ်စွာ သွားလာခွင့်နှင့် ဆောင်ရွက်ခွင့်ပြုရန် အမေရိကန်ကိုယ်စားလှယ်များက တောင်းဆိုခဲ့သည်။

ကျူးဘားနိုင်ငံကို အကြမ်းဖက်မှုအားပေးသောနိုင်ငံများစာရင်းမှ ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည့်အတွက် လွန်ခဲ့သည့် သီတင်းပတ်၌ အမေရိကန်နိုင်ငံခြားရေးဌာနက လိုက်လျော၍ ကျူးဘားကို ၎င်းစာရင်းမှ ပယ်ဖျက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် အမေရိကန်ဘဏ်များသည် ကျူးဘားသံတမန်များနှင့် ယနေ့တိုင်ပင် လုပ်ငန်းဆောင်ရွက်ခွင့် မရရှိသေးပေ။ ပနားမားထိပ်သီးအစည်းအဝေးတွင် သမ္မတအိုဘားမားနှင့် သမ္မတ ရာအူးလ်ကက်စထရိုတို့သည် အလွတ်သဘော ဆွေးနွေးညှိနှိုင်းမှုကိုလည်း ပြုလုပ်ခဲ့ကြသည်။

**ဗင်နီဇွဲလားနိုင်ငံနှင့် အဆင်မပြေ**

ပနားမားထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံအတွက် အနှောင့်အယှက်သဖွယ်ဖြစ်စေသော နိုင်ငံမှာ ဗင်နီဇွဲလားပင်ဖြစ်သည်။

လွန်ခဲ့သည့်လ၌ အမေရိကန်အစိုးရသည် ဗင်နီဇွဲလားအစိုးရအရာရှိ ခုနစ်ဦးကို လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ထို့ကြောင့်ပင် ဗင်နီဇွဲလားသမ္မတ နီကိုလပ်ချ်မာဒူရိုသည် ထိပ်သီးအစည်းအဝေးကို အမေရိကန်နယ်ချဲ့သမားဆန့်ကျင်ရေးလူထုအစည်းအဝေးအဖြစ်သို့ ပြောင်းလဲပစ်ရန် အခွင့်အရေးရရှိသွားခဲ့သည်။

ထိပ်သီးအစည်းအဝေးအနေနှင့် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကို တရားဝင်ရှုတ်ချကန့်ကွက်ရန် သမ္မတ မာဒူရိုက တောင်းဆိုခဲ့ရာ ကျူးဘားကဲ့သို့ လက်ဝဲဝါဒီသဘောထားတင်းမာသည့်နိုင်ငံများက ထောက်ခံချက်ပေးခဲ့ကြသည်။

လက်တင်အမေရိကပြည်သူများသည် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ချမှတ်သည့် အရေးယူပိတ်ဆို့မှုများကို လုံးဝလက်မခံကြပေ။

တောင်အမေရိကသမဂ္ဂအဖွဲ့သည် ဗင်နီဇွဲလား အာဏာရှင်အစိုးရနှင့် အတိုက်အခံနိုင်ငံရေးသမားများကြား ဖြစ်ပေါ်နေသော ပဋိပက္ခများကို ကြားဝင်စေ့စပ်ပေးရန် ကြိုးပမ်းနေလျက်ရှိရာ အမေရိကန်အစိုးရ၏ ထို အရေးယူပိတ်ဆို့မှုများသည် တောင်အမေရိကသမဂ္ဂ၏ ကြိုးပမ်းမှုကိုအဟန့်အတားဖြစ်စေသည်ဟု နိုင်ငံရေးပညာရှင်တို့က ပြောဆိုသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

"အမေရိကန်ပြည်ထောင်စုက ၅၄ နှစ်ကြာမျှ ကုန်သွယ်စီးပွားပိတ်ပင်ထားခြင်းခံရသည့် ကျူးဘားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို ပယ်ဖျက်ခဲ့ခြင်းသည် ကျူးဘားနှင့်သာမက လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေးပြန်လည်မြှင့်တင်တည်ဆောက်ရန် သမ္မတအိုဘားမား အစိုးရအနေဖြင့် စတင်ကြိုးပမ်းခြင်းဖြစ်"



# ယီမင်မြို့တော်ရှေးဟောင်းအမွေအနှစ်နေရာ ဆော်ဒီဗုံးကြဲ

**ဆာနား ဇွန် ၁၃**

ဆော်ဒီအာရေဗျဦးဆောင်သော စစ်လေယာဉ်များက သောကြာနေ့တွင် ယီမင်မြို့တော် ဆာနားရှိ ကုလသမဂ္ဂသမိုင်းအမွေအနှစ်စာရင်းဝင် ရှေးဟောင်းအမွေအနှစ်နေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး အရပ်သားခြောက်ဦးသေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဆင်ဟွာသို့ပြောသည်။

"ဆာနားမြို့လယ် ရှေးဟောင်းမြို့ကို ဗုံးကြဲတိုက်ခိုက်ရာမှာ အရပ်သား အနည်းဆုံး ခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာရခဲ့ပါတယ်။ ရှေးဟောင်းအမွေအနှစ်နေရာမှာရှိတဲ့ အိမ်ငါးလုံး အနည်းဆုံးပျက်စီးသွားပါတယ်။ ရှေးဟောင်းမြို့တော်ရှိ အဆောက်အအုံအများအပြား ပျက်စီးသွားပါတယ်"ဟု လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။

ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကြားမှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေပြီး ဆေးရုံသို့တင်ပို့လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သို့သော်လည်း ညွန့်ပေါင်းအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆာနားမြို့ ရှေးဟောင်းနေရာကို တိုက်ခိုက်မှုမရှိကြောင်း ငြင်းဆိုထားသည်။ ယီမင်မြို့တော်တွင် တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၆၀၀ ကျော် သေဆုံးခဲ့ရပြီး ၅၀၀၀ ကျော် ဒဏ်ရာရရှိကာ လူပေါင်းတစ်သန်းကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

(ဆင်ဟွာ)

၁၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၂-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံနေ့စဉ်ထုတ်သတင်းစာများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိ လေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအားလေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို ဆက်လက်ဖော်ပြအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ် )နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

၁၃-၆-၂၀၁၅ ရက်နေ့မှအဆက်

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ<br>(၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို<br>ပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| ၁၉ | **ပုဒ်မ ၃၀၃**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါအကြောင်း တစ်ရပ်ရပ်မပေါ်ပေါက်လျှင် အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(ဂ) ဥပဒေအရ သတ်မှတ်သောဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကိုဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၀၃ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-<br>(၁) မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)<br><br>(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၃၀၃ (ခ)**<br>အပိုဒ်ခွဲ(က)အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။<br>**ပုဒ်မ ၃၀၃ (ဂ)**<br>ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ(က)ပါအကြောင်း တစ်ရပ်ရပ်အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။ |
| ၂၀ | **ပုဒ်မ ၃၁၂**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် အောက်ပါအကြောင်း တစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၁၂ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-<br>(၁) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ)<br><br>(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၃၁၂ (ခ)**<br>ပုဒ်မခွဲ (က)အရ ရာထူးသက်တမ်းငါးနှစ်ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။<br>**ပုဒ်မ ၃၁၂ (ဂ)**<br>ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များအား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး အသစ်များ၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။ |
| ၂၁ | **ပုဒ်မ ၃၂၁**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၃၂၁**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်းရွေးချယ်ထားသည့်အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့် အဖွဲ့ဝင်တစ်ဦး၏အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။ |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း |
| --- | --- | --- |
| ၂၂ | **ပုဒ်မ ၃၂၄**<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ | **ပုဒ်မ ၃၂၄**<br>(က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။ |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | (ခ) အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄ (က)အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ်ဆုံးဖြတ်ပေးနိုင်သည်။ |
| ၂၃ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် **နိုင်ငံတော်သမ္မတက** ယူဆသူ။ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။ |
| ၂၄ | **ပုဒ်မ ၃၉၆ (ခ)**<br>သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။ | (ပယ်ဖျက်) |
| ၂၅ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ **ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်း**နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး**ငါးဦး**ကို ခန့်အပ်တာဝန်ပေးနိုင်သည်။ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ခြောက်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။ |
| ၂၆ | **ပုဒ်မ ၃၉၉**<br>(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။ | **ပုဒ်မ ၃၉၉**<br>(က) ဥပဒေနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။ |
| ၂၇ | **ပုဒ်မ ၄၀၂ (ဂ)**<br>နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။ | (ပယ်ဖျက်) |
| ၂၈ | **ဇယား ၂**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း**<br>**(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)**<br>၁။ **ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ** | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်-<br>"(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဠ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဠ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊<br>(အ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊<br>(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊<br>(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊<br>(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊<br>(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့ရယူခြင်း။ |
| | ၂။ **စီးပွားရေးကဏ္ဍ** | (ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။ |
| | ၃။ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ** | (ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ် (ဆ)၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖော်ထုတ်ခြင်း၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊<br>(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်း၊<br>(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။ |
| | ၄။ **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ** | (ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၌ပါရှိသော အမှတ်စဉ်(င)၏အောက်တွင် အောက်ပါအတိုင်းဖြည့်စွက်ရမည်-<br>(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစားသတ်မှတ်ပေးရေး၊<br>(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်္ဘန်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊<br>(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။ |

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း |
|---|---|---|
| | ၅။ စက်မှုလက်မှုကဏ္ဍ | (င) စက်မှုလက်မှုကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ခ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။ |
| | ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ | (စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊<br>(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့်သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊<br>(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများ။ |
| | ၇။ လူမှုရေးကဏ္ဍ | (ဆ) လူမှုရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊<br>(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊<br>(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊<br>(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊<br>(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊<br>(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့်ဗီဒီယိုလုပ်ငန်းများ။ |
| | ၈။ စီမံခန့်ခွဲရေးကဏ္ဍ | (ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ)၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊<br>(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။” |
| ၂၉ | ဇယား ၅<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ<br>(ပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅) တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့်အခွန်အခများစာရင်း၌ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်-<br>“၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊<br>၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊<br>၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊<br>၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊<br>၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊<br>၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊<br>၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊<br>၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊<br>၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊<br>၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင်ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်္ကန်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့် သက်ဆိုင်သည့်အခွန်အခများ၊<br>၃၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊<br>၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊<br>၃၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊<br>၃၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊<br>၃၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊<br>၃၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊<br>၃၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။” |

# ပညာရည်မြင့်မားရေးအတွက် ဆရာ၊ ကျောင်းသား၊ မိဘ သုံးဦးသုံးဖလှယ် ဟန်ချက်ညီရန်လို

နေပြည်တော် ဇွန် ၁၃

**၂၀၁၄-၂၀၁၅ ခု ပညာသင်နှစ်ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား (ပဉ္စမအကြိမ်) ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုးက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ မန်းအောင်ငြိမ်းဖောင်ဒေးရှင်း နာယက ဒေါ်ခင်လေးသက်က ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာဂုဏ်ထူးရကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။ သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် တစ်ဘာသာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အောင်ချက်အကောင်းဆုံး ကျောင်းများကို ဆုများချီးမြှင့်ရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးက တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြင့် ပထမရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)၊ အောင်ချက်အကောင်းဆုံးဖြင့် ဒုတိယရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)၊ အောင်ချက်အကောင်းဆုံးဖြင့် တတိယရရှိသော အခြေခံပညာ အထက်တန်းကျောင်း (ရေဆင်း)တို့မှ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးက အဋ္ဌမတန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသော အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ကျောက်ချက်)နှင့် စတုတ္ထတန်း စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးရရှိသော ကျောင်းလေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများအား လည်းကောင်း၊ ဆုများပေးအပ်ချီးမြှင့်ပြီး အခြေခံပညာမူလတန်းကျောင်း ၅၆ ကျောင်းအတွက် ဂုဏ်ပြုဆုငွေများကို ဇေယျာသီရိမြို့နယ် မြို့နယ်ပညာရေးမှူးသို့ ပေးအပ်သည်။

ဆက်လက်၍ ဆုရကျောင်းသား ကျောင်းသူများကိုယ်စား အခြေခံပညာ အထက်တန်းကျောင်း(ရေဆင်း)မှ ငါးဘာသာဂုဏ်ထူးရှင် မအိဇာဖြိုးဝေကလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးများကိုယ်စား အောင်ချက်အကောင်းဆုံး(ပထမဆု) ရရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ထွေးက လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပညာရေးမှူးက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အောင်ချက်မြင့်တင်ရေးအတွက် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဇေယျာသီရိမြို့နယ်သည် အခြေခံစား၊ ဝတ်၊ နေရေးအတွက် အရေးပါသည့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များ တည်ရှိပါကြောင်း၊ ဇေယျာသီရိမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိ၍ ဝမ်းမြောက်မိပါကြောင်း၊ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံကျသောအချက်မှာ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းသို့ ရောက်ရှိရေးပင်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဟူသောဆောင်ပုဒ်သည် အလွန်ကောင်းမွန်သည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် ဆရာ၊ ကျောင်းသား၊ မိဘသုံးဦး သုံးဖလှယ် ဟန်ချက်ညီရန်လိုကြောင်း၊ အတန်းတိုင်း အောင်ချက်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်ကောင်းပြီး ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်မှုရရှိရေး ရည်မှန်းချက်ထားဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(ဝပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ငန်းစပ်အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ဒေသလိုအပ်ချက်နှင့် ကျောင်းလိုအပ်ချက်များကိုလည်းကောင်း၊ ဒေသခံတောင်သူများက ဇလောင်းကျေးရွာအုပ်စု သရက်ဖုန် လယ်ယာမြေကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူများ၏တင်ပြချက်များကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စိတ်ရှည်သည်းခံပြီး မျှမျှတတနှင့် မှန်မှန်ကန်ကန်ဖြစ်အောင် အားလုံးညီညီညွတ်ညွတ် လုပ်ဆောင်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား အထူးကိစ္စတစ်ရပ်အနေဖြင့် တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းပြုပြင် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ကျောင်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခရိုင်၊ မြို့နယ် ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အထူးဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ လူချွန်လူကောင်းတေးသရုပ်ဖော်၊ ပထမရပြီး ဧရာဝတီ ဂုဏ်ပြုတေးများဖြင့် ဖျော်ဖြေပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားကာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့် တိုင်းပညာရေးမှူးဆရာကြီး ဦးအောင်ကျော်ထွန်းတို့က ဝမ်းမြောက်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးခရိုင်သုံးခရိုင်၊ မြို့နယ်သုံးမြို့နယ်၊ တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအားဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကူညီခဲ့ကြသော အလှူရှင်များ၊ အနုပညာရှင်များကို အလှူငွေလက်ခံခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အောင်ချက်အကောင်းဆုံးပထမဆုရ ကြံခင်းမြို့နယ်နှင့် အောင်ချက်အကောင်းဆုံး ပထမဆုရကြံခင်းမြို့နယ် မျောက်ချောကုန်းအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း တူးဖော်တွေ့ရှိသည့် ရှေးဟောင်းအဆောက်အအုံများ။** (သတင်း- စာ ၃) (ဓာတ်ပုံ-ပြန်/ဆက်)



**ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း တူးဖော်တွေ့ရှိသည့် လက်ဝတ်ရတနာများ။** (ဓာတ်ပုံ-ပြန်/ဆက်)



# အမွေကောင်းကောင်း ရချင်တယ်

ရန်ကင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ပြင်ဆင်ပေးဖို့ အဓိကအားဖြင့် တိုင်းရင်းသားတွေက တောင်းဆိုနေကြတာပါ။ ဘာကိုလိုလို့လဲဆိုတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့် တိုးမြှင့်ရရှိစေဖို့လို့ ဆိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)မှာ နောက်ဆက်တွဲဇယား (၁)(၂)(၃)(၅)ဆိုတာ ရှိပါတယ်။ ယေဘုယျသဘောပြောရရင်တော့ ဇယား(၁)က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ရဲ့ နောက်ဆက်တွဲဖြစ်ပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၂)က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ရဲ့ နောက်ဆက်တွဲဖြစ်ပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၃)ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၆ ရဲ့ နောက်ဆက်တွဲဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ ဥပဒေပြုစာရင်းဖြစ်ပါတယ်။ ဇယား (၅)ကျတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ကောက်ခံရမယ့် အခွန်အခများစာရင်းဖြစ်ပြီး ပုဒ်မ ၂၅၄ ရဲ့ နောက်ဆက်တွဲဖြစ်ပါတယ်။ ဒီဇယား(၁)က အချို့ကို ကျန်ဇယား (၂)(၃)တို့သို့ မျှပေးပြီး ဇယား(၅)ကို အခွင့်အလမ်းတိုးပေးဖို့အတွက် အခြေခံဥပဒေကို ပြင်ပေးပါဆိုပြီး တိုင်းရင်းသားတွေက တောင်းဆိုကြတာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပေးမှရမှာပါ။ အခြေအနေအလိုက် ပြင်နိုင်တယ်ဆိုတာ သိပြီးကြပါပြီ။

ဒီပြင် တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်တစ်ခုက ဝန်ကြီးချုပ်များ၊ ဝန်ကြီးများခန့်ထားခြင်းနဲ့ပတ်သက်ပြီးတော့ သူတို့ရဲ့လွှတ်တော်ကနေ ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရချင်တာကို တွေ့ရပါတယ်။ ဒီ ၆ ပွင့်ဆိုင်တို့၊ ၄၈ ပွင့်ဆိုင်တို့ ပြောကြဆိုကြဆွေးနွေးကြတဲ့ ရည်ရွယ်ချက်ကလည်း အတွင်းကျကျ သတင်းနှိုက်ကြည့်လိုက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ကို ပြင်ဆင်ဖို့ဆိုရင် နိုင်ငံတော်သမ္မတနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကတိကိုရချင်လို့လို့ ယူဆနိုင်ပါတယ်။ မသင့်မလျော်ပြိုင်ပွဲမဟုတ်ရင် ပြီးတာပါပဲ။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရေးဆွဲခဲ့တာပါ၊ အိမ်နီးချင်း အိန္ဒိယနိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ရဲ့ အုပ်ချုပ်မှုစနစ်ကိုလေ့လာပြီး ပါလီမန် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ နည်းနည်းလေး ရှင်းပြရမယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုပြီးတော့ ကဏ္ဍသုံးရပ်ရှိပါတယ်။ နိုင်ငံတော်သမ္မတဟာ သီးခြားနိုင်ငံ့ဥသျှောင်အနေနဲ့ နေရပြီး အုပ်ချုပ်ရေးအာဏာပိုင်ဟာ ဝန်ကြီးချုပ်ဖြစ်ပါတယ်။ အဲဒီတုန်းက လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုပါလီမန်ဆိုပြီးတော့ လွှတ်တော် ၃ရပ် ခွဲခြားထားပါတယ်။ အကျဉ်းချုပ်ပဲတင်ပြရမယ်ဆိုရင် သမ္မတ၊ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများဟာ အုပ်ချုပ်ရေးအာဏာကို တာဝန်ယူရသလို ဥပဒေပြုရေးအာဏာရယူထားတဲ့ ပါလီမန်မှာလည်း သူတို့ပါဝင်ကြပါတယ်။ ဆိုတော့ကာ ပါလီမန်ဟာ နိုင်ငံ့အရေး အရာတွေကို အုပ်ချုပ်ရေးရော၊ ဥပဒေပြုတာရော တွဲလုပ်တော့ အာဏာရှင်ပါလီမန်ဖြစ်လာပြီး အာဏာရပါတီအတွင်းမှာတောင် အကွဲအပြဲဇာတ်လမ်းဆိုးကြီး ဖြစ်လာခဲ့တယ်။ လွတ်လပ်ရေးရပြီးခါစမှာပဲ ပြည်တွင်းသောင်းကျန်းမှုတွေ မြင့်မားနေသလို နိုင်ငံရေးလမ်းကြောင်းကလည်း အက်ကွဲကြောင်းတွေနဲ့ တည်ငြိမ်မှုပျက်ပြားနေခဲ့ပါတယ်။ သမိုင်းမှတ်တမ်းတွေ ရှိပြီးသားပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို နိုင်ငံတွင်းမှာရှိတဲ့ အစုအဖွဲ့ပေါင်း ၈ ခုက ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး (လက်နက်ကိုင်တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၁၀၅ ဦး အပါအဝင်) တက်ရောက်ဆွေးနွေးညှိနှိုင်းပြီးမှ အခြေခံမူတွေချပြီး ရေးဆွဲထားတာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖြစ်ပေါ်ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ကွဲပြားတဲ့ သမ္မတအုပ်ချုပ်တဲ့စနစ်ကို ပြောင်းယူပါတယ်။ ဒီသမ္မတကတော့ နိုင်ငံရဲ့ဥသျှောင်ဖြစ်သလို အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ အကြီးအကဲလည်း ဖြစ်ပါတယ်။ သို့သော်လည်း ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ကွာခြားချက်ကတော့ ပါတီအသီးသီးကနေ ရွေးကောက်တင်မြှောက်လိုက်တဲ့ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဟာ စတင်တာဝန်ထမ်းဆောင်တာနဲ့ အမျိုးသား နိုင်ငံရေးကိုသာလုပ်ကြရပြီး ပါတီလုပ်ငန်းလည်းမလုပ်ရ၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါကလည်း နုတ်ထွက်ရတဲ့ပုံစံဖြစ်ပါတယ်။ သမ္မတဟာအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲအနေနဲ့ အုပ်ချုပ်ရေးတာဝန်ယူ၊ လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်ယူ၊ တရားရေးကဏ္ဍက သီးခြားရပ်တည်ပြီး တရားစီရင်ရေးဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမှားအယွင်းတွေ မရှိအောင်၊ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်တွေရအောင်၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းနိုင်အောင်ဆိုတဲ့ အခြေခံမူကိုချမှတ် ပေးထားပါတယ်။ ဒီပြဋ္ဌာန်းချက်လေးတော့ သိစေချင်လို့ တင်ပြလိုက်ပါတယ် -

"**ပုဒ်မ ၁၁။**

(က) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်။

(ခ) ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်။"

ပြည်ထောင်စုလွှတ်တော်က အများပြည်သူတွေ လေ့လာဖို့ဆိုပြီး ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နဲ့ ၁၂ ရက်များမှာ ထုတ်ပြန်ထားတဲ့ ဥပဒေ(မူကြမ်း)တွေကို ကျွန်တော်လေ့လာကြည့်မိပါတယ်။ ပြည်သူများသို့ ကျွန်တော်နားလည်တာကိုလည်း ရှင်းလင်းတင်ပြချင်ပါတယ်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ပထမဥပဒေ(မူကြမ်း)ဟာ ပုဒ်မ ၄၃၆(က) ပြင်ဆင်ဖို့လို့ ဆိုပါတယ်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ဒုတိယဥပဒေ(မူကြမ်း)ဟာ ပုဒ်မ ၄၃၆ (ခ) ပြင်ဆင်ဖို့လို့ ဆိုပါတယ်။

(၃) ဥပဒေ(မူကြမ်း)တွေဟာ မပြင်တော့မလိုလို ပြင်တော့မလိုလိုနဲ့ ဝေဖန်ပြစ်တင်သံ ဆူညံဆူညံကြားကနေ ရုတ်တရက် ထွက်ပေါ်လာတာဟာလည်း ဖြစ်ရိုးဖြစ်စဉ်လို့ပဲ ယူဆရမလား၊ ထူးခြားနေသလား၊ Political Player တွေကတော့ ကောင်းကောင်း သိနိုင်ပါတယ်။

(၄) ဒီဥပဒေ(မူကြမ်း) ၂ ခုရဲ့ ရည်ရွယ်ချက်ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအုပ်ချုပ်ပုံစနစ်ကို ၁၉၄၇ ခုနှစ်ကကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်အသွင် ပြန်ပြောင်းဖို့ ကြိုးစားတာဖြစ်ပါတယ်။ ဒီလိုပြောင်းဖို့လိုတယ်လို့ သုံးသပ်ဆောင်ရွက်စေတဲ့ ပွဲကိုင်ရှင်တော့ရှိပါလိမ့်မယ်။ အခြေခံဥပဒေက လွတ်လပ်စွာသဘောကွဲခွင့်ရှိတယ်လို့ ဆိုထားတာပဲ။ သို့သော်လည်း ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အားနည်းချက်တွေကြောင့် အကွဲအပြဲတွေဖြစ်ပေါ်ခဲ့ကာ၊ အာဏာရှင်ပါလီမန်ပုံစံရောက်သွားခဲ့ရတယ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) မှာ အချုပ်အခြာအာဏာရဲ့ အာဏာ ၃ ရပ်တို့ကို သီးခြားမဏ္ဍိုင်များအဖြစ် ခွဲဝေအပ်နှင်းထားပါတယ်။ ယခုတစ်ခါပြန်ပြီး ဒီအာဏာရှင်ပါလီမန် ဒီမိုကရေစီစနစ်ပုံစံကို ပြန်ပြောင်းလဲလိုခြင်းဟာ အလွန်စဉ်းစားသင့်တဲ့ကိစ္စ ဖြစ်နေပါပြီ။ ပြည်သူ့အတွက် ဟုတ်ရဲ့လား၊ အခြားရည်မှန်းချက် ရှိနေသလား။

(၅) တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ်ဆိုတာကိုတော့ ထိထားတာမတွေ့ရပါဘူး။ သို့သော်လည်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ခွင့်ရတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကို လုံးဝပိတ်ပင်ဖို့ ကြိုးစားထားပါတယ်။

(၆) တပ်မတော်သားတွေကို ပြည်ထောင်စုဝန်ကြီး ခန့်အပ်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ တပ်မတော်သားထဲကပဲ ရွေးချယ်ခန့်အပ်ရမယ်လို့လည်း ဆိုထားပါတယ်။

(၇) နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများဟာ အမျိုးသား နိုင်ငံရေးပဲလုပ်ရမယ်၊ ခန့်အပ်ခံရတဲ့နေ့ကနေစပြီး ပါတီလုပ်ငန်းများ မဆောင်ရွက်ရ၊ လွှတ်တော်ကိုယ်စားလှယ်မဖြစ်စေရဆိုတဲ့ အချက်တွေကို ဖျက်ပစ်လိုက်ပါတယ်။ ဆိုလိုတာက လွှတ်တော်သည်သာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကြီး ၃ ရပ်လုံးကို ထိန်းတော့မယ်ဆိုတဲ့သဘော ပုံဖော်ယူလိုခြင်းပဲဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒုတိယဥပဒေ(မူကြမ်း)ရဲ့ အပိုဒ် (၁၂)မှ (၂၄)အထိ လေ့လာကြည့်ရင် ထူးခြားတဲ့အသိတစ်ခု ဝင်လာမှာပါ။ နိုင်ငံတော်၏ အထွတ်အထိပ်အာဏာကို ရရှိသည်ဆိုတဲ့ သမ္မတနဲ့ သူ့ရဲ့အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေဟာ ပင်မတာဝန်ကို မလုပ်ရတော့ဘဲ လွှတ်တော်ကို အချိန်ပြည့်တက်ပြီး လွှတ်တော်ဥက္ကဋ္ဌက ခိုင်းတာကိုပဲ လုပ်ကြရမယ်လို့များ ဆိုလိုပါသလား။ မျက်စိတစ်ဆုံးကြည့်ရုံနဲ့တောင် ရင်လေးမိတယ်။ ဒါကြီးများ အတည်ပြုလိုက်နိုင်သည်ရှိသော် ရှေ့ကာလအဝေးကြီးအတွက် မတွေးဝံ့နိုင်အောင်ပါဘဲ။

(၈) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့မျိုး သမ္မတကို ရုပ်ပြအဖြစ်သာထားပြီး ဝန်ကြီးချုပ်တစ်ယောက်လည်း ခန့်ဖို့ဆက်ပြီးလုပ်မလား စောင့်ကြည့်ရဦးမှာပါ။ ဒါဘာဖြစ်လို့လည်းဆိုတော့ ဒီဥပဒေ(မူကြမ်း) ၂ခု အောင်မြင်မယ်ဆိုရင် ဆက်လုပ်မယ့်သဘောပါပဲ။ ဒါမှမဟုတ်ရင် ဖဲသုံးချပ်ကစားသလို တွက်ချက်ပြီး လွှတ်တော်ဥက္ကဋ္ဌ ကြိုရွေးထားသလား။ နိုင်ငံတော်ကို အာဏာရှင်ပုံစံတစ်ရပ်ဆီသို့ တွန်းပို့ချင်တဲ့ တစ်စုံတစ်ယောက်ရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်များအရ ဒါတွေပေါ်ပေါက်လာသလားဆိုတာ စဉ်းစားစရာပါ။ ဥပဒေ(မူကြမ်း)ကို ထုဆစ်ဖန်တီးသူတွေက ငြင်းကြပါလိမ့်မယ်၊ အများသဘောတူနဲ့ လုပ်တာပါ၊ အစည်းအဝေးတွေ အကြိမ်ကြိမ်လုပ်ပြီး ဆုံးဖြတ်ပါတယ်လို့ ဆိုပြီးတော့။ ပြည်သူ့အကျိုးအတွက် အဝေဖန်ခံနိုင်တဲ့ ဥပဒေဖြစ်ဖို့က အဓိကပါ။

ကျွန်တော်တင်ပြချင်တာလေး ရှိပါတယ်။ သမိုင်းကိုဘာလို့သင်လဲလို့ မေးတဲ့အခါ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက "မအအောင်လို့" လို့ ဖြေထားတာ ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျခဲ့မိတယ်။ ဒါကြောင့် ကျွန်တော်ဟာ သမိုင်းစာအုပ်စာတမ်းတွေကို ဖတ်ရှုစုဆောင်းလေ့ရှိတယ်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးမှာ အတိတ်ကမကောင်းတာတွေကို ပယ်ရှားပြီး အနာဂတ်ပိုင်စိုးသူတွေဟာ ဆင်ခြင်တုံတရားအပြည့်နဲ့ နိုင်ငံကောင်းအောင်ဖန်တီးလျက် အနာဂတ်မျိုးဆက်သစ်တွေအတွက် အမွေခံကောင်းတွေ ပေးရမယ်လို့ဆိုပါတယ်။ စီမံဆုံးဖြတ်ပိုင်ခွင့် ရထားသူတွေအနေနဲ့လည်း အားလုံးပညာရှိသတိဖြစ်ခဲဆိုသလို ဖြစ်မှာစိုးလို့ တင်ပြချင်တာက လူတစ်ယောက်ဟာ မြစ်တစ်ခုထဲကို နှစ်ခါခုန်ဆင်းလို့မရဘူးဆိုတဲ့ စကားပုံလိုပါပဲ။ အသစ်အသစ်သော အမွေခံမျိုးဆက်သစ် လူငယ်လူရွယ်တွေကို နိုင်ငံတော်ကို လက်ဆင့်ကမ်း လွှဲအပ်ပေးခဲ့ရာမှာ မကောင်းပါဘူးဆိုတဲ့ သမိုင်းပြကွက်ဟောင်းကြီးကိုပဲ ပုံဖော်လွှဲပေးသွားမယ်ဆိုရင် ကိုယ်တာဝန်ရှိလို့ ကိုယ်တစ်ယောက်တည်း နစ်နာတာအကြောင်း မဟုတ်ပါဘူး။ ဆင်းရဲမှုနွံထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ နိုင်ငံသားတွေအတွက် အလေးထား ကာကွယ်ပေးဖို့ လိုလာပါပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပြင်ဆင်ရေး ဆောင်ရွက်ဖို့အတွက် ဥပဒေ(မူကြမ်း)ကို ပြည်သူတွေလက်ထဲ ပို့လိုက်ပါပြီ။ ပြည်သူတွေအနေနဲ့လည်း ပကတိအရှိကို လေ့လာပြီး ရှေ့နောက်ဝေဖန်ကြဖို့လိုမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေတိုင်းရဲ့ အခေါင်အချုပ်၊ နိုင်ငံတော်ကို ပုံဖော်တဲ့ အဓိကအကျဆုံး ဥပဒေကြီးဖြစ်ပါတယ်။ တစ်ချက်သိသိ၊ နှစ်ချက်သိသိ ဝင်ရောက်ဆွေးနွေး အကြံပေးကြမှ ကောင်းပါလိမ့်မယ်။ ပြည်သူတွေ အကြံပေးပါလျက်နဲ့ မျက်ကွယ်ပြုပြီး လုပ်ချင်တာလုပ်တဲ့ ပြည်သူ့ကိုယ်စားလှယ်မျိုး ရှိ-မရှိတော့ စောင့်ကြည့်ရမှာပါ။ ဘာပဲပြောပြော ဒီဥပဒေ(မူကြမ်း) ၂ ခုဟာ နိုင်ငံတည်ငြိမ်လာအောင်၊ တိုးတက်လာအောင် လုပ်ရမယ်ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ လိုက်လျောညီထွေရှိပါ့မလားဆိုတာ သံသယရှိစရာပါပဲ။ ကျွန်တော်တို့က ဝေဖန်ခွင့်ပဲရှိတာ၊ ပြည်သူတွေသိအောင် တင်ပြခွင့်ပဲရှိတာလေ။

ကြုံကြိုက်လို့ ဒီဥပဒေကြမ်းကို ရေးဆွဲထုတ်ပြန်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မေးချင်ပါတယ်။ သည်းခံပြီး ဖြေပေးကြပါခင်ဗျာ။ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ကိုယ်ရွေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ထိန်းကျောင်းနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေကနေ အခွင့်အရေးပေးထားတဲ့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ အဲဒါကတော့ Right to Recall လို့ အင်္ဂလိပ်လိုခေါ်ပါတယ်။

(၁) **ပုဒ်မ ၃၈။**

(က) ××××××××××××××××××××××××××××××××××××××××၊

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

(၂) **ပုဒ်မ ၃၆၉။**

(က) ××××××××××××××××××××××××××××××××××××××××၊

(ခ) သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော် ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

(၃) **ပုဒ်မ ၃၉၆။**

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်။

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

*စာမျက်နှာ ၁၁ သို့*

## ကမ္ဘာ့ကလေးလုပ်သား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေရုံး၌ ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီက ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် လူမှုဝန်ထမ်းရုံးမှညွှန်ကြားရေးမှူး ဦးထွန်းဦးက အမှာစကားပြောကြားပြီး ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ မိဘနှင့် အလုပ်ရှင်များအားလုံး ပူးပေါင်းဆောင်ရွက်ရေး၊ ကလေးလုပ်သားပပျောက်ရေးနှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှု ပပျောက်ရေးတို့နှင့်ပတ်သက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာနှင့် ဒက္ခိဏ/ဥတ္တရခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိစိန်တို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ မှ

(၄) ပုဒ်မ ၃၉၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်။

ဒီပြဋ္ဌာန်းချက်တွေကို ပြန်လည်တင်ပြရတာကလည်း အလှမ်းကျယ်ပြီး အလယ်လပ်သွားခဲ့ရတယ်ထင်လို့ပါ။ ဒီဥပဒေ(မူကြမ်း)ကို လွှတ်တော်မှာ ဆွေးနွေးဆဲ ရပ်သွားတဲ့သမိုင်းကြောင်းတွေလည်း မှတ်တမ်းအသီးသီး ရေးမှတ်ပြီးသားရှိပါတယ်။ တိုင်းကျိုးပြည်ပြုဆောင်ရွက်ကြရာမှာ ကိုယ်လိုချင်တာကိုပဲ ရအောင်ယူပြီး ကိုယ်မလိုချင်တာ ကိုယ့်ကို ထိမယ့်ရှမယ့်ဟာဆိုရင် ပြည်သူတို့၏ ရပိုင်ခွင့်ပင်ဖြစ်လင့်ကစား ပစ်ပယ်ထားတာဟာလည်း သမိုင်းမလှဘူးလို့ ထင်မိပါတယ်။ နောက်ပြီး ဥပဒေကြမ်းရေးဆွဲပေးဖို့ တာဝန်ရှိတဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပေါ် ရည်ရွယ်ချက်ရှိရှိ ဝေဖန်တိုက်ခိုက်နေကြတာတွေလည်း မကြာခဏ တွေ့နေရပါတယ်။ ကျေးဇူးရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသား မဲဆန္ဒရှင်များရဲ့ ရပိုင်ခွင့် အခွင့်အရေး ပေးကိုပေးရမယ်ဆိုတဲ့ သူ့ရဲ့စေတနာနဲ့ ရေးဆွဲ တင်သွင်းတဲ့ ဥပဒေကြမ်းကို ဘယ်သူကရပ်ထားတာလဲ။ ဘယ်သူတွေကပိတ်ပင်ထားတာလဲ။ အဲတော့ လွှတ်တော်ကြီး အားကောင်းလာတယ် အားကောင်းလာတယ်လို့ တစ်တီတူးငှက်၊ ဇီးကွက်ငှက်နဲ့ တောက်တဲ့တို့လို ကိုယ့်ကိုယ်ကိုယ်ဖော်အော်နေမယ့်အစား ပြည်သူတွေရဲ့ ဝေဖန်သုံးသပ်ချက်များလည်း နားထောင်ကြပါဦးလားခင်ဗျာ။ ပြည်သူအများစုက ပြောနေကြတယ်။ လွှတ်တော်အားကောင်းလာတာ နှစ်ချက်ပဲရှိတယ်။ တစ် အချက်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိန်းညှိခြင်း (ချုပ်ကိုင်လိုခြင်း)တွေကိုပဲ အများဆုံး လုပ်နေပါသတဲ့။ နှစ် အချက်က လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်ရဲ့ အခွင့်အရေးတွေကို ဦးစားပေးလုပ်နေပါသတဲ့။ ဂျာနယ်တွေ၊ ဖေ့စ်ဘွတ်ခ်တွေဖတ်ရင် ဒါတွေပဲတွေ့နေရပါတယ်။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ကိုယ်စား လှယ်အဖြစ် တကယ်ပဲ ဖြစ်ချင်တာလားခင်ဗျာ။ ဒါဆိုရင်တော့ ကိုယ့်ကို မဲပေးတင်မြှောက်ထားတဲ့ ပြည်သူကိုလည်း လေးစားသင့်တာပေါ့။

မနေ့က အင်တာနက်မှာတွေ့တဲ့ ဓမ္မသုတအပိုင်းအစကိုလည်း ဗဟုသုတရအောင်နဲ့ ဆင်ခြင်နိုင်အောင် မျှဝေလိုက်ပါတယ်-

လူဆိုတာ -

- လောဘများလာရင် အရှက်မဲ့လာတယ်။
- ဒေါသများလာရင် အသိမဲ့လာပါတယ်။
- မောဟများလာရင် အမှန်တရားနဲ့ ဝေးသွားတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံကာ သမ္မတ အုပ်ချုပ်တဲ့ပုံစံ ကျင့်သုံးပြီး နိုင်ငံတော်ကို ပုံဖော်လာတာ ၅ နှစ်ပြည့်ပါတော့မယ်။ သမ္မတပုံစံစနစ်ကနေ ပါလီမန်ဒီမိုကရေစီစနစ်ကိုပြန်ပြောင်းဖို့ ကြိုးစားကြတာ ဘယ်သူ့အတွက်လဲ၊ ပြည်သူ့အတွက်လား၊ တစ်ဦးတစ်ယောက်နဲ့ လူနည်းစုအတွက်ဆိုရင်တော့ သမိုင်းဆိုးကြီးဖြစ်လိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ကံနဲ့ ကံ၏ အကျိုးကို ယုံကြည်တယ်။ ပစ္စုပ္ပန်ကိုတည့်တည့်ရှုပြီး ဝိပဿနာဉာဏ်ကို ရှာကြရတယ်လို့ဆိုတယ်။ ပစ္စုပ္ပန်ကိုတည့်တည့်ရှုစေချင်တာလေး တစ်ခုကမည်သူမျှ ပြည်သူတို့၏ အခွင့်အရေးကို မပိတ်ပင်သင့်ပါ။ စိတ်မချလို့ အနာဂတ်မျိုးဆက်သစ်တွေ အတွက်လည်း စဉ်းစားပေးပါ။ ဒီစနစ်ကြီးမှာ ဘယ်သူမှ အမြဲတမ်းလွှတ်တော်ကိုယ်စားလှယ်၊ အမြဲတမ်းသမ္မတ၊ အမြဲတမ်းဝန်ကြီး၊ အမြဲတမ်းဝန်ကြီးချုပ်လုပ်ရမယ်လို့ မရှိပါဘူးနော်၊ ယုံပါ။ အချိန်တန်ရင် ပြည်သူဟာ ပြည်သူပါပဲ။ ဒါပေမယ့် မဲဆန္ဒရှင်ပြည်သူတွေကို ခါးသီးတဲ့ ဆင်းရဲတွင်း နက်မယ့် ဟန်ပန် စရိုက်လက္ခဏာတွေအပြည့်နဲ့ အမွေဆိုး ဆိုရင်တော့ မပေးခဲ့ပါနဲ့ဗျာ။ နောက်ရက်တွေမှ လွတ်လပ်ရေးခေတ်ဦးက ပါလီမန်ဒီမိုကရေစီစနစ်အကြောင်း၊ အကွဲအပြဲအကြောင်း၊ နိုင်ငံတော်တည်ငြိမ်မှု ပျက်ပြားခဲ့ရတဲ့အကြောင်းတွေကို မှတ်တမ်းမှတ်ရာလေးတွေနဲ့ ဆက်လက်တင်ပြဖို့ ကြိုးစားပါဦးမယ်။

ကျွန်တော့်ရဲ့ ခြုံငုံသုံးသပ် တင်ပြချက်အပေါ် လွတ်လပ်စွာ ကွဲလွဲခွင့်ရှိပါတယ်။ ကျွန်တော်လည်း မဲဆန္ဒရှင်တစ်ဦးပါ။

# ကယားပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ပထမပတ်က ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော လွိုင်ကော် ခရိုင်အတွင်းရှိ စေတနာ့ ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ထောက်ပံ့ငွေပေးအပ်ပွဲ၊ လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များ မွမ်းမံသင်တန်း (၉/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။




အခမ်းအနားတွင် လွိုင်ကော်ခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာနှစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကိုးခုနှင့်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၃၃ကျောင်း၊ လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေအပါအဝင် စုစုပေါင်း ကျပ်သိန်း ၆၁၅ ဒသမ ၄၇ သိန်းနှင့် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် ရှားတောမြို့နယ် ပြည်သူများအတွက် အဝတ်အထည်များကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ရှမ်း/ ၆၆ နေ အဘိုး ဦးစောနိုး (၁၀၂)နှစ်နေအိမ်သို့ သွားရောက်ပြီး ဂုဏ်ပြုလွှာ၊ ချီးမြှင့်ငွေ ကျပ်နှစ်သိန်းနှင့်ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများကို နိုင်ငံတော်ကိုယ်စား ထောက်ပံ့ပေးသည်။

ထို့နောက် ဘော်လခဲမြို့နယ် နန်းဖဲကျေးရွာ လူငယ်ပရဟိတဂေဟာသို့ ရောက်ရှိပြီး အဝတ်အထည်များ ထောက်ပံ့ပေးကာ ဘော်လခဲမြို့ ပြည်သူ့ဆေးရုံနှင့် တိုင်းရင်းဆေးကုခန်းတို့ကို ကြည့်ရှုအားပေးသည်။ ယင်းနောက် စောလဖော်ခန်းမ၌ ကျင်းပသော ဘော်လခဲ ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ဘော်လခဲခရိုင် အတွင်းရှိလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှစ်ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ငါး ကျောင်းတို့အတွက် စုစုပေါင်း ၁၆၃ ဒသမ ၅၉ သိန်း၊ ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ် ပြည်သူများအတွက် အဝတ်အထည်များနှင့် မူကြိုကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ လွိုင်ကော်မြို့ စံပြမူကြိုကျောင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြု

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစုဝင်၊ ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာများ ပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးက အမှာစကားပြောကြားပြီး ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိ သော အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းသား ကျောင်းသူများကို စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဦး၊ ရိုးရိုးအောင်မြင်သူ ၃၂ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မြောက်ပိုင်းဒေသများ မိုးပိုနေမည်

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုနေမည်။

**(မြန်မာ့အလင်း)**

စာမျက်နှာ ၅ မှ

**အမေရိကန်နိုင်ငံကို အလေးထားလာ**

သဘောထားကွဲလွဲမှုများ ရှိနေသော်လည်း လက်တင်အမေရိကနိုင်ငံအများစုသည် သမ္မတ အိုဘားမား၏ ပြောင်းလဲလာသော အပြုသဘောဆောင်သည့် မူဝါဒများကို အလေးထား လေးစားလာကြသည်ကို တွေ့ရှိနေရသည်။

အမေရိကန်အစိုးရသည် ကျူးဘားနှင့် ပတ်သက်လျှင် လူဝင်မှုကြီးကြပ်ရေးပေါ်လစီများ၊ စီးပွားရေးကုန်သွယ်ရေးဆိုင်ရာ ပေါ်လစီများကို ပြုပြင်ပြောင်းလဲမှုပြုလုပ်လာသည်။ လက်တင်အမေရိကနိုင်ငံများ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ပွဲများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း အမေရိကန်အစိုးရက ဘေးဖယ်ထားရန် ကြိုးပမ်းလာသည်။

မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ပွဲများ၏ ဒဏ်ခံရသောနိုင်ငံများကို ပြန်လည်ဆယ်မ ပေးရန်အတွက် သမ္မတ အိုဘားမားအစိုးရသည် ကွန်ဂရက်ကို ဒေါ်လာ တစ်ဘီလီယံတောင်းခံထားသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၁ ရာခိုင်နှုန်း**

လူသုံးကုန်ပစ္စည်းရှားပါးပြတ်လပ်မှုကြောင့် နိုင်ငံရေးနှင့် စီးပွားရေးပြောင်းလဲမှုများ ဖြစ်ပေါ်ခြင်းမှာ လက်တင် အမေရိကဒေသ၏ ယဉ်ကျေးမှုပင်ဖြစ်နေသည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

ယခုနှစ်၌ လက်တင်အမေရိကနိုင်ငံ ကိုယ်စီ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ တစ်ရာခိုင်နှုန်းမျှသာဖြစ်၍ ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးအညံ့ဖျင်းဆုံးအနေအထား ဖြစ်သည်။ ထို့ကြောင့်ပင် ဤဒေသရှိ လက်ဝဲယိမ်းအစိုးရများ၏ ဆိုရှယ်လစ်နိုင်ငံရေး စီးပွားရေးမူဝါဒများလည်း တဖြည်းဖြည်း ဆုတ်ယုတ်တိမ်ကောနေသည်။

ဥပမာအားဖြင့် ဆိုရှယ်လစ်ဝါဒီ ဘရာဇီးသမ္မတ ဒယ်မာရူးဆက်သည် ကြီးမားသော အဂတိလိုက်စားမှုအရှုပ်အထွေးတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံရမှုကြောင့် ပြည်သူတို့လမ်းပေါ်ထွက် ဆန္ဒပြကာ ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုနေကြသည်။ ဘရာဇီး၏ စီးပွားရေးမှာ သိသာစွာဆုတ်ယုတ်ကျဆင်းနေသည်။

အာဂျင်တီးနားသမ္မတ ခရစ္စတီနာကာ့ချ်နာသည်လည်း လာမည့်ဒီဇင်ဘာလတွင် အငြိမ်းစားရယူတော့မည်ဖြစ်ပြီး နောက်တက်လာမည့် အာဂျင်တီးနားသမ္မတသည် နိုင်ငံရေး၊ စီးပွားရေးပေါ်လစီများကို ပြုပြင်ပြောင်းလဲရမည့် အနေအထားတွင်ရှိနေသည်။

တောင်အမေရိကဒေသတွင် အအောင်မြင်ဆုံးဆိုရှယ်လစ်ဝါဒီများဟု သတ်မှတ်ခံရသည့် ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရာလီစ်နှင့် အီကွေဒေါသမ္မတ ရာဖေးကော်ရီယာတို့သည်လည်း ဒေသန္တရ မြူနီစီပယ်ရွေးကောက်ပွဲများတွင် အတိုက်အခံများ အောင်ပွဲရရှိနေသည်ကို ရင်ဆိုင်နေရပေပြီ။

ပနားမား ထိပ်သီးအစည်းအဝေးတွင် ဗင်နီဇွဲလားသမ္မတ နီကိုလပ်ချ်မာဒူရိုအနေနှင့် ဖမ်းဆီးထားသော အတိုက်အခံနိုင်ငံရေးသမားများအား ပြန်လည်လွှတ်ပေးရန် တောင်အမေရိကနိုင်ငံများမှ သမ္မတဟောင်း ၂၂ ဦးက တောင်းဆိုခဲ့ကြသည်။

အထက်ပါ ပြောင်းလဲနေသော အခြေအနေများကြောင့် ၁၉၉၀ ပြည့်နှစ်၌ အမေရိကန်နှင့် လက်တင်အမေရိကနိုင်ငံများကြား ဆက်ဆံရေးနွေးထွေးခဲ့မှုနှင့် ကုန်သွယ်ရေးမြင့်တက်ခဲ့မှု အနေအထားကို အသေအချာပြန်ရနိုင်မည်ဟု မဆိုနိုင်ပေ။

ဈေးကွက်စီးပွားရေးစနစ်နှင့်ပတ်သက်လျှင် အမေရိကန်ပြည်ထောင်စုသည် မယိမ်းမယိုင် ကျောက်သားတိုင်ကဲ့သို့ အခိုင်အမာရပ်တည်၍ ဖော်ဆောင်ပေးနိုင်မည်ဟု မဆိုနိုင်တော့ပေ။ ယနေ့အချိန်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်တင်အမေရိကနိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုး ဒုတိယအများဆုံးလုပ်ဆောင်သောနိုင်ငံဖြစ်နေပေပြီ။

လက်တင်အမေရိက လူလတ်တန်းစားများအနေနှင့် ယနေ့စီးပွားရေးကျဆင်းနေမှုကို မည်သို့တုံ့ပြန်မည်ဆိုသည်ကိုလည်း ရှင်းလင်းစွာမသိရှိရပေ။ လက်ဝဲယိမ်းဝါဒများ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ လက်တွေ့အကျိုးမျှော်ဝါဒ (Pragmatism) သည်လည်း လက်ဝဲနိုင်ငံရေးအယူအဆများအပေါ် လွှမ်းမိုးနိုင်မည်ဟု အတတ်မပြောနိုင်သေးပေ။

၂၀၁၃ ခုနှစ်၌ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)၏ လျှို့ဝှက်ထောက်လှမ်းမှုကို ခံခဲ့ရသည့်အတွက် ဒေါသထွက်သည့် ဘရာဇီးသမ္မတ ဒယ်မာရူးဆက်သည် အမေရိကန်သို့ လည်ပတ်ရန် ခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။

ယခုအချိန်၌ သမ္မတဒယ်မာရူးဆက်သည် မကြာမီ အမေရိကန်သို့ အလည်သွားရောက်ရန် စီစဉ်နေသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး အာမန်ဒိုမွန်တေရိုသည် ဝါရှင်တန်သို့ သွားရောက်လည်ပတ်ကာ အမေရိကန်-ဘရာဇီး ဆက်ဆံရေးမြှင့်တင်မှု ဦးစားပေးဆောင်ရွက်မည်ဟု အမေရိကန် ခေါင်းဆောင်များအား သတင်းပေးခဲ့သည်။

အခြားသော လက်တင်အမေရိကနိုင်ငံများကလည်း ထိုလမ်းစဉ်အတိုင်း တစ်စိတ်တစ်ဝမ်းတည်း လိုက်ပါလာနိုင်ဖွယ် ရှိနေသည်။ အမေရိကန်ပြည်ထောင်စုသည် လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်နွေးထွေးရန် ဆက်လက်ကြိုးပမ်းနေသည်ကို တွေ့မြင်နေရပေသည်။

28th SEA GAMES
SINGAPORE 2015
5 – 16 JUNE 2015

## ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၁၃-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၇၈ | ၇၄ | ၅၉ | ၂၁၁ |
| ၂ | စင်ကာပူ | ၇၄ | ၆၅ | ၉၄ | ၂၃၃ |
| ၃ | ဗီယက်နမ် | ၆၅ | ၄၂ | ၅၅ | ၁၆၂ |
| ၄ | မလေးရှား | ၄၅ | ၄၃ | ၅၉ | ၁၄၇ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၄၇ | ၆၂ | ၁၄၇ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၂ | ၅၉ | ၁၁၅ |
| ၇ | မြန်မာ | ၁၁ | ၂၄ | ၂၈ | ၆၃ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၈ | ၁၄ |
| ၉ | လာအို | ၀ | ၃ | ၁၉ | ၂၂ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၁ | ၁ | ၂ |
| ၁၁ | ဘရူနိုင်း | ၀ | ၀ | ၆ | ၆ |

ဇွန် ၁၃ ရက် ည ၉ နာရီတွင်ရရှိသည့် ဆုရစာရင်းဖြစ်ပါသည်။

ဇွန် ၁၃ ရက်က မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးထောင့် ၂၆ လမ်းနှင့် ၇၂ လမ်းထောင့်၌ အယ်လ်အီးဒီဘုတ်တွင် တိုက်ရိုက်ထုတ်လွှင့်ပြသရာ မြို့ခံဘောလုံးပရိသတ်များ တစ်ခဲနက်အားပေးကြည့်ရှုနေစဉ်။ တင်မောင်(မန္တလေး)





ဇွန် ၁၃ ရက်က ဆီးဂိမ်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် မြန်မာနှင့်ဗီယက်နမ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ပြီးနောက် မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ တာချီလိတ်မြို့သူ မြို့သားများ အောင်မြတ်ခန်းမအတွင်း အောင်ပွဲခံနေစဉ်။ မောင်ယဉ်ကျေး

## မြန်မာ ယူ-၂၃ ဘောလုံးသူရဲကောင်းများသို့

※ မြန်မာ…
မြန်မာ…
မြန်မာနိုင်ပြီ၊ စွမ်းရည်ကြွခိုင်
ဆီမီးဖိုင်နယ်၊ မြန်မာလူငယ်များ
ခမ်းနားလှပ၊ ခြေစွမ်းပြခဲ့
ယူနှစ်ဆယ့်သုံး၊ ဘောလုံးသူရဲကောင်း
တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေမှု
အောင်မြေကိုနင်း၊ အောင်မြင်ခြင်းဆုလာဘ်
တန်ဖိုးမဖြတ်နိုင်၊ တစ်နိုင်ငံလုံး
အပြုံးပန်းတွေဝေ၊ မြန်မာ့မြေမှာ
ရွှေဘောလုံးခေတ်၊ သမိုင်းသစ်ကို
ဖွင့်လှစ်နေချင်ကြပြီလေ…။

※ မြန်မာ…
မြန်မာ…
မြန်မာနိုင်ပြီ၊ နိုင်ပြီဟေ့ မြန်မာ
'ဖိုင်နယ်အတွက် အားမွေး…
ကျန်သေးတဲ့တစ်ပွဲ၊ အပြိုင်နွှဲကြ'…
မြန်မာ့ဂုဏ်ဆောင်၊ အားကစားမောင်တို့
ရွှေရောင်ဝင်းလက်၊ အောင်ပွဲဆက်ဖို့
သွက်လက်ခြေစွမ်း၊ အံ့မခန်းအောင်
အစွမ်းရှိသမျှ၊ ထုတ်ပြကြလော့…
မြန်မာ့အမိမြေ၊ ပြည်သူတွေက
လှည်းနေလေအောင်း၊ မြင်းခေါင်းမကျန်
အားပေးသံတွေ…
မိုးမြေသိမ့်သိမ့်ညံနေပြီ…။ ။

ဖိုင်နယ်တက်သွားသော ယူ-၂၃ ဘောလုံးသူရဲကောင်းများသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။

ဟသ်ာတမြင့်ငွေ



ဇွန် ၁၃ ရက်က မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း ဘောလုံးချစ်ပရိသတ်များ ပျော်ရွှင်စွာ အားပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




ဇွန် ၁၃ ရက်က တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ မြို့ကျက်သရေဆောင် ကေတုမတီမုခ်ဦးရှေ့ အယ်လ်အီးဒီဘုတ်တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ အကြိုဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို မြို့ခံပရိသတ်များ စိတ်ဝင်တစား အားပေးစဉ်။ သူရ(တောင်ငူ)



## အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

စင်ကာပူနိုင်ငံတွင်ကျင်းပလျက်ရှိသော(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသော မြန်မာ့လက်ရွေးစင်(U-23)ဘောလုံးအသင်းအပါအဝင် အခြားသော အားကစားနည်းများ၏ မြန်မာပွဲစဉ်များကို မအားမလပ်သည့်ကြားမှ တစ်ခဲနက်အားပေးကြသော မြန်မာနိုင်ငံတွင်ရှိသော မြန်မာပရိသတ်ကြီး၊ စင်ကာပူနိုင်ငံတွင်ရှိသော မြန်မာပရိသတ်ကြီး၊ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လာရောက်အားပေးကြသော မြန်မာပရိသတ်ကြီးများအား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်းကောင်း၊ အားကစားဝန်ကြီးဌာနအနေဖြင့်လည်းကောင်း အထူးပင် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**အားကစားဝန်ကြီးဌာနမှအရာထမ်း၊ အမှုထမ်းများ**

# ကစားသမားများ၏ စိတ်ဓာတ်၊ ကြိုးစားမှု၊ တစ်မျိုးသားလုံး၏ အားပေးမှုနှင့်အတူ မြန်မာအသင်း ဆီးဂိမ်းဗိုလ်လုပွဲတက်ပြီ




မြန်မာ ယူ-၂၃ ကစားသမားနှင့် ပရိသတ်တို့ ပျော်ရွှင်စွာ အောင်ပွဲခံနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

**စင်ကာပူ ဇွန် ၁၃**

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ ဆီမီးပွဲစဉ်များကို ယနေ့ နေ့လယ်ပိုင်းမှစ၍ စင်ကာပူနိုင်ငံရှိ အမျိုးသား အားကစားကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် တောက်လျှောက်ခြေစွမ်းပြနေသည့် မြန်မာယူ-၂၃ အသင်းမှာ ယခုဆီမီးပွဲတွင်လည်း ထပ်မံခြေစွမ်းပြကာ ဗီယက်နမ်အသင်းကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မြန်မာအသင်းသည် ၂၀၀၇ ခုနှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ နောက်ပိုင်းဗိုလ်လုပွဲနှင့် ဝေးခဲ့ရပြီး ရှစ်နှစ်အကြာတွင် ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းမှာ ခြေစွမ်းပိုင်းအရ ဗီယက်နမ်အသင်းကို အသာမရခဲ့သော်လည်း ကစားသမားများ၏ နိုင်လိုစိတ်ပြင်းထန်မှု၊ စိတ်ဓာတ်ကောင်းမှု၊ ကြိုးစားအားထုတ်မှုကောင်းမွန်ခြင်းတို့ကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၁၂ ယောက်မြောက် ကစားသမားဟု တင်စားကြသည့် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက် အားပေးမှုများကလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်နှစ်သောင်းကျော်မှာစင်ကာပူ အမျိုးသား အားကစားကွင်း၌ ပွဲချိန်ပြည့် တစ်ခဲနက် အားပေးခဲ့ရာ မြန်မာအသင်းနိုင်ပွဲရရှိစေရန် အားဖြစ်စေခဲ့သည်။ အုပ်စုအတွင်း ပွဲစဉ်များတွင် ခြေစွမ်းပြလာနိုင်မှုနှင့်အတူ ပရိသတ်များ၏ စိတ်ဝင်တစား အားပေးမှုကို ခံလာရသည့် မြန်မာယူ-၂၃ အသင်းကို အမိနိုင်ငံတော်ရှိ အမြို့မြို့ အနယ်နယ်မှ ပရိသတ်များကလည်း မြင်ကွင်းကျယ် အယ်လ်အီးဒီ ပြစက်ကြီးများမှ လည်းကောင်း၊ နေအိမ်များရှိ တီဗွီရှေ့မှလည်းကောင်း၊ ပရိုဂျက်တာများမှလည်းကောင်း အားပေးခဲ့ကြသည်။

မြန်မာအသင်းအနေဖြင့် နည်းစနစ်ပိုင်းအရ ဗီယက်နမ်ကို ယှဉ်ကစားနိုင်ခြင်းမရှိသော်လည်း ကြိုးစားမှုနှင့် စိတ်ဓာတ်တွင် အပြတ်အသတ်အသာရခဲ့သည်။ ယင်းအတွက်ကြောင့်လည်း မြန်မာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းတွင် ဒဏ်ရာရနေသည့် ဝင်းဇင်ဦး၊ ပွဲပယ်ခံထားရသည့် ရဲဝင်းအောင်တို့ မပါနိုင်သော်လည်း အစားဝင်ရောက် ကစားခဲ့သည့် သိန်းနိုင်ဦးက အမှားအယွင်းမရှိ ကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် နောက်ထပ် အစွမ်းပြခဲ့သူမှာ ဂိုးသမား ကျော်ဇင်ဖြိုးဖြစ်ပြီး ဗီယက်နမ်အသင်းမှ သွင်းယူသည့် သေချာပေါက်ဂိုးများစွာကို ကာကွယ်နိုင်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ၎င်းတို့ ကစားနေကျပုံစံအတိုင်း အမြန်နှုန်းတင်ကာ ယှဉ်ပြိုင်ကစားခဲ့သည်။ ဗီယက်နမ်အသင်းသည်ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မြန်မာအသင်းမှာ ခံစစ်ကိုလုံအောင်ကစားနေ၍ ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ သို့သော် မြန်မာဂိုးသမား ကျော်ဇင်ဖြိုး၏ လက်စွမ်းပြမှုကြောင့် ဗီယက်နမ်အသင်း ဂိုးမရခဲ့ပေ။ ၃၉ မိနစ်တွင် မြန်မာအသင်း ဂိုးရခဲ့ပြီး ဗီယက်နမ် နောက်ခံလူ လက်ထိသောကြောင့် ရရှိသည့် ပယ်နယ်တီကို စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်းက ချေပဂိုး ရရှိရန်ကြိုးစားလာခဲ့ပြီး ၇၂ မိနစ်တွင် ဗူဟေသွန်က ချေပဂိုး ပြန်သွင်းခဲ့သည်။ ချေပဂိုး ပြန်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားပုံပျက်မသွားဘဲ မိနစ် ၈၀ တွင် အသင်းခေါင်းဆောင် နေလင်းထွန်းက ဗိုလ်လုပွဲတက်စေမည့် အနိုင်ဂိုး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၁၉၇၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပြီး နောက်ပိုင်း ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေဆုနှင့် ဝေးကွာနေခဲ့ရာ ၁၉၉၃ နှင့် ၂၀၀၇ ပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဆီမီးဒုတိယပွဲအဖြစ် ထိုင်းနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဗိုလ်လုပွဲကို ဇွန် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ခရီးသွားမော်တော်ယာဉ်အား စိတ်အနှောင့်အယှက်ဖြစ်အောင် စကေဘာ(သုံးမြှောင့်ချွန်မား)ဖြင့် ပစ်ပေါက်သူအား အရေးယူထား

**နေပြည်တော် ဇွန် ၁၃**

ဇွန် ၆ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၂၃/ ၅)အနီးတွင် ခရီးသွားမော်တော်ယာဉ်အား စိတ်အနှောင့်အယှက်ဖြစ်အောင် စကေဘာ(သုံးမြှောင့်ချွန်ခား)ဖြင့် ပစ်ပေါက်ကြောင်း အရေးပေါ်ဖုန်းနံပါတ် ၁၈၈၀ က သတင်းပေးချက်အရ ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်းမှစခန်းမှူး ဒုတိယရဲမှူး သန်းဦးပါ တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေးပါ တပ်ဖွဲ့ဝင် ၁၂ ဦးတို့ ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ မောင်မောင်(၅၂နှစ်) လေ့လှော်အင်းကျေးရွာ လှည်းကူးမြို့နယ်နှင့် မျိုးဝင်းပြုံး(၃၁နှစ်) (၁၆/၁)မိုင် သီဟိုဠ်ခြံ လှည်းကူးမြို့နယ် နေသူတို့နှစ်ဦးမှာ အရက်သေစာသောက်စားမူးယစ်ပြီး မောင်မောင်က ယာဉ်ကို စကေဘာဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရှိရသည်။

၎င်းတို့နှစ်ဦးအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးစာဖြင့် ဆေးစစ်ချက်ရယူခဲ့ရာ အရက်သေစာသောက်စားထားကြောင်း သိရှိရသဖြင့် ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်း၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉-က/၄၄၀ အရလည်းကောင်း၊ မောင်မောင်သည် ခရီးသွားမော်တော်ယာဉ်ကို အရိုးအသွား ကိုးလက်မခွဲခန့်ရှိ စကေဘာဖြင့် ပစ်ပေါက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်း၌ လက်နက်ဥပဒေပုဒ်မ ၁၉(င) အရလည်းကောင်း အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြစ်မှုကျူးလွန်သူများဖြစ်သော မောင်မောင်နှင့် မျိုးဝင်းပြုံးတို့နှစ်ဦးအား ခရီးသွားမော်တော်ယာဉ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် စကေဘာဖြင့် ပစ်ပေါက်မှုကြောင့် ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိပြီး ယာဉ်များအား အနှောင့်အယှက်ပြုမူသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ သိရသည်။ **ကိုရဲ**


### ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အိပ်လဟာအုပ်စု၊ မင်းကြီးကုန်းကျေးရွာ၊ အသရော် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နော်ထူးဝါးရှီး၊ အဌမတန်းမှ နော်ဆွဲရူ၊ မင်းကြီးကုန်း၊ အမက(လွန်) စတုတ္ထတန်းမှစောအယ်ထီးမူးတို့၏ဖခင်အမည်မှန်မှာဦးလှစိုး၇/သဝတ(နိုင်)၀၈၄၁၂၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ကျိုက်ထိုမြို့၊ ရွှေညသြတွဲဖက် အထက တတိယတန်းမှ ဦးသန်းဇော်လတ်၏သမီး မအင်ကြင်းခိုင်အား မအိမ်နဒီချယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ်နဒီချယ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) Laptop Dell - (12) Nos
(ခ) Cannon iR 2550 - (1) Nos
(ဂ) Online UPS (power Tree)(6KVA)- (1) Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(သန်လျင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၆-၂၀၁၅ရက်၊ ၁၅:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(သန်လျင်)၊ ဌာနမှူး(စီမံ)ဒေါက်တာအောင်သူဖြိုး ဖုန်း-၀၉-၄၀၂၆၈၆၉၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
### မန္တလေးလက်ကားဈေးကြီး အကောင်အထည်ဖော်ရေးဦးစီးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ချမ်းသာကုန်းကွင်း(ပလိပ်-စကားအင်း အဝိုင်းလမ်း၏ တောင်ဘက်အခြမ်း) နေရာတွင် မန္တလေး လက်ကားဈေးကြီး(Mandalay Wholesale Market)တည်ဆောက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ၁၈-၆-၂၀၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လုပ်ငန်းအသေးစိတ်အချက်အလက်များ ဆွေးနွေးလိုပါသဖြင့် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များမှ ၁၇-၆-၂၀၁၅ ရက်နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သတင်းပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၅၃၄၀၅၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မန္တလေးလက်ကားဈေးကြီးအကောင်အထည်ဖော်ရေးဦးစီးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/1406 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1853 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မုံတိုင်ပင်ကျေးရွာနေ ဦးငွေအောင်-ဒေါ်လှမှန်းတို့၏သား မောင်သိန်းနိုင် ၅/ရဥန(နိုင်)၀၄၄၃၉၈နှင့် မောင်စိုးခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သိန်းနိုင်(ခ)မောင်စိုးခိုင်**

### မိဘအမည်မှန်

အထကဘ ၁ အင်းစိန် တက္ကသိုလ်ဝင်တန်း(B)မှ မုတ်သုဏ်ခ၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်ဇော-ဒေါ်ရီရီဝင်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပြည်မြို့၊ ပေါင်းတလည် (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ရဲဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၇/ပခတ(နိုင်)၀၅၆၁၇၀ ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်**




### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ရန်ပြေ(၅)လမ်းအနောက်၊ အမှတ်(၁၀၇၅)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂/ခ)၊ မြေကွက်အမှတ်(၁၀၇၅)၊ မြေအကျယ် ပေ(၂၀×၆၀)ရှိ အဆိုပါမြေကွက်မှာ လက်ရှိအားဖြင့် မြေပို ၁၅ ပေ ပိုင်ဆိုင်ခွင့်ရသဖြင့် မြေအကျယ် ပေ(၃၅×၆၀) အကျယ်အဝန်းရှိပါသည်။ ၎င်းအိမ်ခြံမြေပိုင်ရှင် ဖခင် ဦးအေးမောင်နှင့် မိခင်ဒေါ်ခင်ကြည်တို့တွင် သားသမီးခြောက်ဦး ထွန်းကားခဲ့ပါသည်။ ၎င်းအိမ်ခြံမြေကွက်သည် ဖခင် ဦးအေးမောင်၏ ပိုင်ဆိုင်မှုဖြစ်၍ အမွေဆိုင်ဖြစ်ပါကြောင်းနှင့် အမွေခွဲဝေရသေးခြင်းမရှိပါကြောင်း၊ အမွေဆိုင်များမသိဘဲ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း တစ်နည်းနည်းဖြင့်မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်အေး**
**၁၂/သကတ(နိုင်)၀၁၃၂၈၅**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဆွေ (LL.B, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**

❖ *ကျောဖုံးမှ*

ရန်ကုန်မြို့တွင် မဟာဗန္ဓုလပန်းခြံနည်းတူ မျှော်စင်ကျွန်းနှင့် ပြည်သူ့ဥယျာဉ် အားကစားကွင်းတို့တွင်လည်း စုဝေးအားပေးနေကြသူများအားလုံးနှင့် တစ်နိုင်ငံလုံး၊ မြန်မာတစ်မျိုးသားလုံးအတွက် ကျေနပ်နှစ်သိမ့်မှုကို မြန်မာဘောလုံးအားကစားသမားများက အစွမ်းကုန် ဖန်တီးပြသကာ ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ယူ ၍ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

“ဗီယက်နမ်အသင်းက အသင်းကောင်းတစ်ခုဖြစ်ပါတယ်။ အနိုင်အတွက် ဂုဏ်ယူနေရသလို တစ်ဖက်က ထိုင်းအနေနဲ့ မြန်မာအလယ်တန်း အားနည်းချက်ကို တွေ့ပြီးဖြစ်တာမို့ ဗိုလ်လုပွဲကို အားဖြည့်ဖို့ ပရိသတ်အနေနဲ့ သတိပေးချင်တယ်။ ပရိသတ်အားကတော့ အံ့မခန်းပါပဲ။ ရန်ကုန်မြို့ရဲ့ နေ့လယ်ခင်းတစ်ခုမှာ ထူးထူးခြားခြား ယာဉ်ကြောရှင်းနေခဲ့တာ ဒီရက်တစ်ရက်ပဲ ရှိသေးတယ်။ အားလုံးဖန်သားပြင်ရှေ့ ရောက်နေကြတယ်”ဟု အားကစားဝါသနာရှင်တစ်ဦးက ဆိုသည်။

“အားကစားစိတ်ဓာတ်နဲ့အတူ ဒီနေ့ ယှဉ်တွဲမြင်တွေ့ရတာက တာဝန်ယူစိတ်၊ တာဝန်ခံစိတ်နဲ့ မျှတ တဲ့ အားကစားအတွေးအခေါ်ကောင်းတွေ ပရိသတ်ကြီးရရှိလာတာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားပြီး သူ့အနေဖြင့် မြန်မာပရိသတ်ကြီးကို အထူးပင် ကျေးဇူးတင်ကြောင်း၊ ဘောလုံးအားကစားသမားများ၏ အောင်မြင်မှုမှာပရိသတ်ကြီး၏ အင်အားကြောင့်ပင် ဖြစ်ကြောင်းသူ၏ လူမှုကွန်ရက်စာမျက်နှာ၌ဖော်ပြထားသည်။

စင်ကာပူသည် မြန်မာနိုင်ငံသားများ သွားရောက်အလုပ်လုပ်ကိုင်ရာ နိုင်ငံတစ်ခုဖြစ်ပြီး စင်ကာပူရောက် မြန်မာများအားလုံးနီးပါးနှင့် မြန်မာနိုင်ငံမှ သွားရောက်ကြည့်ရှုသူ အလွန်များပြားခဲ့ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရှိရသည်။

“ဒီနေ့ အပြန်ခရီးမှာ မြန်မာတွေ စင်ကာပူက လမ်းတွေပေါ်မှာ မော်ကြွားနေကြတယ်။ရထားပေါ်မှာ အားလုံးက ဝိုင်းကြည့်နေကြတယ်။ နဖူးစည်းကို တစ်လှည့်၊ ပါးပေါ်က စတစ်ကာကို တစ်လှည့်ကြည့်ရင်း “မြန်မာ”လို့ ရေရွတ်ကြတဲ့အခါ ကျွန်တော်တို့ မြန်မာအလုပ်သမားတွေ ခြေထောက်နဲ့ မြေကြီး မထိချင်တော့ဘူး”ဟု စင်ကာပူရောက် မြန်မာလူငယ်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ အထင်ကရနေရာကြီးများတွင် ဘောလုံးပွဲကို လာရောက်အားပေးကြသူများကို အချိုရည်များ၊ အစားအစာများနှင့် ဘောလုံးအင်္ကျီများ၊ မြန်မာစာတန်းပါ နဖူးစည်းများကို အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက လှူဒါန်းပေးခဲ့ကြပြီး အားကစားစိတ်ဓာတ်မြင့်မားလာမှုကိုလည်း မြင်တွေ့ရသည်။



မိုးရွာနေသည့်ကြားမှပင် မြန်မာဘောလုံးသမားများကိုအားပေးနေသည့် ပရိသတ်များကို တွေ့ရစဉ်။

“စုပေါင်းပြီး အမှိုက်သိမ်းကြတာကို မြင်ရတာစိတ်ချမ်းသာတယ်။ မဟာဗန္ဓုလပန်းခြံ အတွင်းအပြင်နဲ့ မဟာဗန္ဓုလ လမ်းမကြီးတစ်လျှောက်မှာ ရှိသမျှအမှိုက်တွေ ဘာမှမကျန်တော့ဘူး။ လူငယ်တွေ တက်တက်ကြွကြွနဲ့ တာဝန်ယူတတ်တဲ့ အသိစိတ်တွေမြင့်မားလာပြီး စင်ကာပူမှာလည်း ပွဲစဉ်တစ်လျှောက်မှာ မြန်မာပရိသတ်တွေက အမှိုက်တစ်စမကျန် ပွဲပြီးတာနဲ့ကောက်ကြတယ်။ အားပေးတဲ့စိတ်ဓာတ်တွေက မှန်ကန်လာတယ်။ ဆဲဆိုကြိမ်းမောင်းတာတွေ လျော့နည်းလာပြီး တစ်ဖက်အသင်းအပေါ်မှာလည်း မှန်ကန်တဲ့အမြင်တွေရလာတယ်”ဟု အားကစားဝါသနာရှင်တစ်ဦးက ပြောသည်။



နည်းပြချုပ် ဦးကြည်လွင် (ယူ-၂၃ အသင်း)



မောင်တူးတူးနိုင် (မင်္ဂလာဒုံမြို့နယ်)



မသီရိလှိုင် (ကမာရွတ်မြို့နယ်)

**နည်းပြချုပ် ဦးကြည်လွင် (ယူ-၂၃ အသင်း)**

ဒီနေ့ ဗီယက်နမ်နဲ့ပွဲမှာ ကစားသွားတဲ့ ကလေးတွေကို ကျွန်တော် ချီးကျူးပါတယ်။ အသင်းလိုက်စိတ်ဓာတ်က နိုင်ပွဲတွေရဲ့ သော့ချက်ပါ။ စင်ကာပူက မြန်မာဘောလုံးပရိသတ်တွေရော မြန်မာနိုင်ငံက ပရိသတ်တွေပါ အားလုံးကို ဒီနေ့ ပျော်ရွှင်မှုပေးနိုင်ခဲ့လို့ ကျွန်တော် ပျော်ပါတယ်။ ဗီယက်နမ်အသင်းဟာ တကယ်ကောင်းတဲ့ အသင်းတစ်သင်းပါ။ ဒီလိုအသင်းကောင်းကို နိုင်လိုက်တဲ့ ကျွန်တော့်အသင်းသားတွေ စိတ်ဓာတ်ပိုပြီး အင်အားဖြစ်စေပါတယ်။နည်းပြဘဝမှာရော၊ အားကစားသမားဘဝမှာပါ စင်ကာပူ မြေမှာ ဗိုလ်လုပွဲကစားရတာ တိုက်ဆိုင်မှု ကံတရားဆိုပေမယ့် ကစားသမားတွေ အားလုံး အခုလိုရေကုန် ရေခန်းကြိုးစားခဲ့ကြလို့ ဗိုလ်လုပွဲတက်ရောက်ရတာပါ။ ဗိုလ်လုပွဲမှာ ဘယ်အသင်းနဲ့ပဲတွေ့ပါစေ ဗိုလ်စွဲဖို့ နားရက်တစ်ရက်မှာ သေသေချာချာ ပြင်ဆင်စရာရှိတာကို ပြင်ဆင်သွားမှာပါ။

**မောင်တူးတူးနိုင်(မင်္ဂလာဒုံမြို့နယ်)**

မြန်မာအသင်း အခုလို အကြိုဗိုလ်လုပွဲအောင်ပြီး နောက်ဆုံးဗိုလ်လုပွဲကိုတက်ရောက်သွားတာ အတိုင်းမသိဝမ်းသာပါတယ်။ အခုလို ဗိုလ်လုပွဲကို ရောက်ဖို့ဆိုတာ တော်တော်ခက်ခဲပါတယ်။ မြန်မာဘောလုံးတစ်သင်းလုံးကို လေးစားသလို၊ အလွန်လည်းဂုဏ်ယူပါတယ်။ အထူးသဖြင့် မြန်မာဘောလုံးသမားတွေရဲ့ အနိုင်ယူချင်တဲ့ ပြင်းပြတဲ့စိတ် ဓာတ်ကိုပါ။ ဗိုလ်လုပွဲမှာလည်း မြန်မာ ဒီလိုသာဆက်ကစားသွားနိုင်ရင် အောင်မြင်မှာ သေချာပါတယ်။

**မသီရိလှိုင် (ကမာရွတ်မြို့နယ်)**

အခုလို မြန်မာအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်သွားတာ အလွန်ပဲပျော်ပါတယ်။ အတိုင်းမသိပြောမပြတတ်အောင်ပါပဲ။ ကျွန်မလိုပဲ မြန်မာနိုင်ငံ တစ်ဝန်းလုံးက ပြည်သူတွေလည်းပျော်နေကြမှာပါ။ ဒီပွဲမှာ အထူးသဖြင့် အသင်းခေါင်းဆောင် နေလင်းထွန်းရဲ့ ကြိုးစားမှုကို အထူးပဲလေးစားသလို ကျေးဇူးလည်းတင်ပါတယ်။ ဗိုလ်လုပွဲမှာလည်း ကစားသမားတွေဒီလို ပဲကြိုးစားပြီးနိုင်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာလိဂ်ပွဲစဉ်များကြောင့် မြန်မာလူငယ် ဘောလုံးသမားများ၏ အနာဂတ်မြင့်မားလာရသကဲ့သို့ အားကစားသမားများနှင့် အုပ်ချုပ်သူများ၏ ပံ့ပိုးကြိုးပမ်းမှု၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ဦးဆောင်ပံ့ပိုးမှုတို့နှင့်အတူ မြန်မာဘောလုံး ရွှေခေတ်သို့ လှမ်းဝင်ရန်မဝေးတော့ပြီ ဖြစ်သည်။

**သတင်း-ခင်ရတနာ**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

# အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်ခဲယမ်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၃**

အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်ခဲယမ်းများအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၅) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့သည်။



အဆိုပါ သင်တန်းကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး လူစုလူဝေးအား စနစ်တကျထိန်းသိမ်းရာတွင် အသုံးပြုသည့် အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်ခဲယမ်းများအား ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသို့ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး မင်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများနှင့် ဒုတိယဌာနခွဲမှူးများ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ ရဲအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက် ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်း မိန့်ခွန်းပြောကြားကာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး၊ ဓာတ်ပုံ-ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**


ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်



3 Tesla MRI ( Philips Ingenia)

မြန်မာနိုင်ငံ၏ ပထမဦးဆုံး (3 Tesla MRI)

နိုင်ငံခြားသို့သွားရောက် ရောဂါရှာဖွေရန်မလိုဘဲ

ဓာတ်ရောင်ခြည်အန္တရာယ်လုံးဝမရှိသည့် စွမ်းအားမြင့် သံလိုက်ဓာတ်အသုံးပြု ခေတ်မီ(3 Tesla MRI) ဖြင့် ခန္ဓာကိုယ်တွင်းရှိနှလုံး၊ ဦးနှောက်နှင့်အာရုံကြော၊ အရိုး၊ အကြောအဆစ်နှင့်ရင်ခေါင်းဝမ်းဗိုက်တွင်းရှိ ရောဂါများအား ကြည်လင်ပြတ်သားသောပုံရိပ်တို့ဖြင့်ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် အထူးသက်သာသောနှုန်းထားဖြင့်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေး၊ ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း- ၀၆၇-၅၅၀၁၄၄၊ ၀၉-၉၇၇၂၇၁၆၄၂

# ခြင်းလုံး သို့မဟုတ် မြန်မာတို့ဂုဏ်ယူလောက်သည့် အမျိုးသားအားကစားနည်း(၂)




အောင်နိုင်(သတင်းစဉ်)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် မိမိတို့နိုင်ငံအနေဖြင့် ခြင်းလုံးခတ်အားကစားနည်းကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့သည်မှာလည်း အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့သည်။

ထို့ထက်ပို၍ ဂုဏ်ယူဖွယ်ကောင်းသည့် အချက်တစ်ချက်ကို ဆက်စပ်၍ တင်ပြရမည်ဆိုပါလျှင် အဆိုပါဆီးဂိမ်းပွဲမှာပင် မြန်မာနိုင်ငံ၏ ခြင်းလုံးနှင့်ပတ်သက်သည့် အစဉ်အလာ ကြီးမားဝင့်ထည်မှုကြောင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှသည် အာရှခြင်းလုံးအဖွဲ့ချုပ်အဆင့်သို့တိုင် ဖြစ်တည်ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သကဲ့သို့ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူးကိုလည်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက တက်လှမ်း တာဝန်ယူပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌမှ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည့် ဦးစိုးနိုင်နှင့် တွေ့ဆုံစဉ် ၄င်း၏တာဝန်ယူမှုနှင့် ကမ္ဘာ့အဆင့်သို့တိုင် မြန်မာ့ခြင်းလုံးကို ကျယ်ပြန့်စွာ သိရှိသွားနိုင်ရေး ဆောင်ရွက်ချက်များကို မေးမြန်းဖြစ်ခဲ့သည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူချိန်ကစပြီး မြန်မာ့ရိုးရာအားကစားနည်းစစ်စစ်ဖြစ်တဲ့ မြန်မာ့ရိုးရာ ခြင်းလုံးကစားနည်းကို ပြည်တွင်းမှာလည်း မတိမ်ကော မပပျောက်စေဖို့နဲ့ ပြည်ပကိုလည်း ပြန့်ပွားရောက်ရှိစေဖို့ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ငွေအား လူအားနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်တွင်းမှာလည်း တစ်နှစ်ကို အနည်းဆုံး ပြိုင်ပွဲကြီး သုံးပွဲ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ကျင်းပတဲ့ ပြိုင်ပွဲတိုင်းမှာ ဆုကြေးငွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့သလို ပြိုင်ပွဲဝင် အသင်းတွေအတွက် အသွားအပြန် ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်တွေကိုလည်း ကျခံသုံးစွဲပေးခဲ့ပါတယ်။

" မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ဆီးဂိမ်းမှာဆိုရင် မြန်မာ့ရိုးရာ အားကစားနည်းဖြစ်တဲ့ ခြင်းလုံးကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ထည့်သွင်းကျင်းပနိုင်စေဖို့ အရှေ့တောင်အာရှနိုင်ငံများကို သရုပ်ပြအဖွဲ့တွေစေလွှတ်ပြီး ကြိုတင်မိတ်ဆက်ကစားပြခိုင်းခဲ့ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အတွက် ရွှေတံဆိပ်ခြောက်ခုကို ဆွတ်ခူးရရှိပေးနိုင်ခဲ့ပါတယ်။ အာရှခြင်းလုံးအဖွဲ့ချုပ် ဖွဲ့စည်းပြီးဖြစ်လို့ အာရှအဆင့်ပြိုင်ပွဲကြီးကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာမှာလည်း ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက်ကနေ ၅ ရက်အထိ နေပြည်တော်မှာ အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

"ဒီလို အောင်မြင်စွာကျင်းပနိုင်ဖို့ အရှေ့တောင်အာရှနိုင်ငံများကို ဖိတ်ခေါ်ရသလို အာရှနိုင်ငံများကိုလည်း ဖိတ်ခေါ်စာများပေးပို့ပြီး ပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့ရတာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို စိတ်ဝင်စားကြတဲ့ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံတွေက ပါဝင်ယှဉ်ပြိုင်လိုတဲ့အကြောင်းကို ပြန်ကြားလာတဲ့အတွက် လိုအပ်တဲ့နည်းပညာနဲ့ နည်းစနစ်တွေ သင်ကြားပေးနိုင်စေဖို့ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က နည်းပြဆရာတွေ၊ သရုပ်ပြကစားသမားတွေကို မိမိ ကိုယ်ပိုင်ငွေနဲ့ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး စေလွှတ်သင်ကြားပေးစေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အတွင်းမှာလည်း မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို စိတ်ဝင်တစားနဲ့ လေ့လာသင်ယူချင်ကြတဲ့ ဥရောပနိုင်ငံတွေက သူတို့ဆီမှာလည်း လာရောက်ပြီး သရုပ်ပြအဖွဲ့တွေ စေလွှတ်သင်ကြားပေးဖို့ တောင်းဆို ကမ်းလှမ်းထားတာတွေ ရှိနေပါတယ်။

"ကျွန်တော့်အနေနဲ့ မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့ ခြင်းလုံးကို ကမ္ဘာ့အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေ၊ သိရှိစေလိုတဲ့အတွက် တာဝန်သိမှု၊ တာဝန်ယူမှုများနဲ့အတူ ဆောင်ရွက်နေပါတယ်။ ကိုယ်တိုင်ကလည်း ဝါသနာအရင်းခံ ဖြစ်တဲ့အတွက်ကြောင့် စိတ်ရောကိုယ်ပါ ငွေအား၊ လူအားနဲ့ စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်သွားမှာပါ " ဟု ဖြေကြားခဲ့သည်။

မျက်မှောက်ကာလတွင် လူငယ်လူရွယ် မျိုးဆက်သစ်များသည်လည်း မိမိတို့နိုင်ငံ၏ အလေးအမြတ်ပြုဖွယ် ခြင်းလုံးအားကစားနည်းကို စိတ်ပါလက်ပါ ကစားနေကြသည်ကိုလည်း တွေ့ရှိနေရသည်။ သို့ရာတွင် ယင်းလူငယ်လူရွယ်များအတွက် စနစ်တကျ သင်ကြားပေးမည့် နေရာဌာနများသည်ကား အလွန် ရှားပါးနေပြီဖြစ်သည်ကို ဝမ်းနည်းဖွယ် တွေ့မြင် နေရသည်။ ရန်ကုန်နှင့် မန္တလေးတို့ကဲ့သို့သော ခြင်းလုံးကစားနည်းတွင် အစဉ်အလာရှိသည့် မြို့ကြီးများတွင်ပင်လျှင် ခြင်းလုံးခတ်အားကစားရုံများ မြို့နယ်တိုင်း၌ ဆောက်လုပ်ပေးထားနိုင်ခြင်းမျိုး မရှိသည်ကိုလည်း လေ့လာသိရှိရသည်။

ဆီးဂိမ်းကာလတုန်းဆီက ပြိုင်ပွဲဝင်အသင်းများ၏ ခြင်းခတ်ကစားဟန်များကို ရုပ်မြင်သံကြားမှ စောင့်ကြည့်လေ့လာခဲ့ကြသည့် ခြင်းလုံးဝါသနာရှင် ၊ ပညာရှင်များ၏ သုံးသပ်ပြောကြားချက်များအရ နောက်လာမည့်ဆီးဂိမ်းများတွင် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံ အသင်းကို စဉ်ဆက်မပြတ် ဆက်လက် အနိုင်ရရှိနိုင်စေရန် ယခုထက်ပိုမို ကြိုးပမ်းအားထုတ်သင့်ကြောင်း၊ ငယ်ရွယ်သည့် မျိုးဆက်သစ်လူငယ် မောင်မယ်များကို ခါးဆက်မပြတ်စေရန် ခြင်းလုံးခတ်ပညာအမွေကို လက်ဆင့်ကမ်း ဆောင်ရွက်သင်ကြား ပေးသွားရန်လိုကြောင်း၊ သို့မှသာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ရိုးရာအားကစားဖြစ်သည့် ခြင်းလုံးခတ် အားကစားနည်းမှာ မြန်မာလူမျိုးတိုင်း၏ နှလုံးသားတွင် စွဲမက်ဖွယ်အားကစားနည်းတစ်ရပ်အဖြစ် အမြဲရှင်သန်နေမည်ဖြစ်ပြီး တိမ်ကော ပပျောက်သည့် ဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်တစ်မြို့နယ်စီတွင် ခြင်းလုံးခတ်အားကစားရုံများ ဆောက်လုပ်ကာ ဝါသနာပါသူ မျိုးဆက်သစ်လူငယ်လူရွယ်များကို စနစ်တကျ မွေးမြူလေ့ကျင့် ဆောင်ရွက်သွားကြရန် အချိန်တန်ပြီဖြစ်ကြောင်းဖြင့် သုံးသပ်ပြောကြားခဲ့သည်ကိုလည်း မှတ်မှတ်ထင်ထင် ကြားသိခဲ့ရပါသည်။

နှစ်ကာလ ထောင်နှင့်ချီကာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မြန်မာလူမျိုးတိုင်း နှစ်ခြိုက်စွဲလန်းစွာ ကစားခဲ့ကြသည့် မြန်မာ့ရိုးရာအားကစားနည်း စစ်စစ်ဖြစ်သော ခြင်းလုံးခတ်ကစားနည်းကို မတိမ်ကော မပပျောက်စေရန်နှင့် ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်သည့် မျိုးဆက်သစ်လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်ရေးသား တင်ပြလိုက်ရပါကြောင်း ။ ။

ခြင်းခတ်ပြိုင်ပွဲ စည်းမျဉ်းများအရ ခြင်းလုံးခတ်ပြိုင်ပွဲ လေးမျိုးရှိသည်။ တစ်ဦးချင်း အတော့ခတ်ပြိုင်ပွဲ၊ တစ်ဦးချင်း အတွဲခတ်ပြိုင်ပွဲ၊ ဝိုင်းလည်ခတ် (ဝိုင်းဖွဲ့) ပြိုင်ပွဲ၊ အလှခတ် (ဝိုင်းဖွဲ့) ပြိုင်ပွဲဟူ၍ ဖြစ်သည်။ ထိုပြိုင်ပွဲတို့၏ အရည်အချင်းကိုလိုက်၍ အဆင့်လေးဆင့် သတ်မှတ်ပေးသည်။ စတုတ္ထအဆင့် တစ်ဦးချင်း အတော့ခတ်ပြိုင်ပွဲများကို ခြောက်ပေ အချင်းရှိသည့် စည်းဝိုင်းအတွင်း၌ ကစားစေသည်။ ပထမအဆင့် အတော့နှင့် အတွဲခတ်ပြိုင်ပွဲများကို ၁၂ ပေ အချင်းရှိသည့် စည်းဝိုင်းအတွင်း၌ ကစားစေသည်။ ဝိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို အချင်း ၂၁ ပေ ရှိသော စည်းဝိုင်း၌ ကစားစေသည်။ စည်းဝိုင်း၏ ဗဟိုတွင် ခြောက်လက်မခန့်ရှိသော သံမှိုကို မြေပြင်နှင့်ညီအောင် ရိုက်မြှုပ်ထားရသည်။

ခြင်းလှုပ်ရှားပုံများအလိုက် ကျခြင်း၊ တက်ခြင်း၊ ပေးခြင်း၊ ဆင်ခြင်း၊ ထိန်းခြင်း၊ တော့ခြင်း၊ လှန်ခြင်း၊ လာခြင်း၊ ထွက်ခြင်း၊ ထောက်ခြင်း၊ ထိုးခြင်း၊ ဖျက်ခြင်း၊ ပို့ခြင်း၊ မြေထိခြင်း၊ ကော်ခြင်း စသည်ဖြင့် အမှတ်သညာထားလေ့ရှိသည်။ ခြင်းခတ်ရာတွင် ခတ်နည်းများစွာရှိသော်လည်း ဒူး၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ အတွင်းခြေဘေး၊ အပြင်ခြေဘေး စသည်အားဖြင့် ခြောက်နေရာ ၊ ဘယ် ညာ နှစ်ဖက်ပေါင်း ၁၂ နေရာဖြင့် ခတ်ကစားရသည်။ ပခုံး၊ ခေါင်း၊ ကျောက်ကုန်း၊ တင်ပါးဆစ် ၊ တံတောင် ၊ ဒူးခေါက် ၊ ခြေသလုံး စသောကိုယ်အင်္ဂါအစိတ်အပိုင်းများဖြင့် ခတ်နိုင်သော်လည်း ယင်းတို့မှာ ခတ်ရိုးခတ်စဉ် မဟုတ်ချေ ။

ခြင်းခတ်နည်းများအနက် ဒူးဖြင့်ခတ်ရာတွင် ဒူးရိုးရိုး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ ပတ်ဒူး သို့မဟုတ် စဝေ့ဒူး၊ သို့မဟုတ် ဂုမ္ဘာန်ဒူး သို့ ဒေဝီဒူးဟူ၍ ကွဲပြားသည်။ ခြေစောင်းအပြင် ခြေဘေးနှင့် ခတ်ရာတွင် ဘေးပေါက် စလွယ် သို့မဟုတ် နောက်ဝိုင်း၊ ဖီလာ သို့မဟုတ် ဝေဇယန္တာ၊ ခြေခွင်၊ နှစ်ထပ်ခြေခွင်၊ တစ်ခြမ်းဝိုက်၊ အပြည့်ဝိုက်၊ အပျောက်ဝိုက်၊ ဒေါင်းယဉ်ပျံ ဟူ၍ ကွဲပြားသည်။ ခြေဖျားဖြင့်ခတ်ရာတွင် ခြေဖျားရိုးရိုး၊ မဟာ၊ မဟာညွန့်၊ မဟာနွယ်၊ ရှောင်ရှိန်၊ ရှပ်ထိုး ဟူ၍ ကွဲပြားသည်။ ဖဝါး၊ ဖနောင့်ဖြင့်ခတ်ရာတွင် ဖီလာ၊ ရင်လိမ်၊ စောင်း၊ ရှမ်း၊ အရမ်း၊ အကောက်ဟူ၍ ကွဲပြားသည်။

ဝိုင်းဖွဲ့၍ ဝိုင်းအလိုက် ခြင်းအပြိုင်အဆိုင် ခတ်နိုင်ကြသည်။ ပွဲလမ်းသဘင်များတွင် ခြင်းပြိုင်ပွဲများ ထည့်သွင်းလေ့ရှိသည်။ ခြင်းပြိုင်ပွဲများတွင် ခြင်းဝင်၊ ခြင်းထွက်၊ ခြင်းတက်၊ ခြင်းကူးကောင်းမွန်ခြင်း၊ ဝိုင်းလည်၍ အပေးအယူ မျှတခြင်း ၊ တစ်ဦးချင်းစီ အခက်ခတ်၊ အလှခတ်များ စုံလင်ခြင်း ၊ စည်းကမ်းနှင့်ညီခြင်းတို့ အတွက် အမှတ်ပေးရွေးချယ်လေ့ရှိသည်။ ခြင်းခတ်စည်းကမ်းမှာ ခြင်းလုံးကို ခြေဖြင့်သာ ခတ်ရခြင်း၊ မြေသို့မကျနိုင်သမျှ မကျအောင် ထိန်းရခြင်း ၊ စည်းဝိုင်းအတွင်း မိမိ၏ ညာဘက် ကွက်လပ်နှင့် ရှေ့ဘက်တွင် စည်းဝိုင်းဗဟိုချက်ထက် မလွန်စေဘဲ ခတ်ရခြင်း စသည်တို့ဖြစ်သည်။

မြန်မာတို့၏ ကိုယ်ပိုင် ရိုးရာအားကစားနည်းဖြစ်သော ခြင်းလုံးအားကစားနည်းသည် မြန်မာနိုင်ငံသားအတော်များများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီးသား ကစားနည်း တစ်ခုလည်းဖြစ်ပြီး ပြည်တွင်း ဒေသအနှံ့အပြားတွင် လူငယ်လူရွယ်များ သာမကဘဲ လူလတ်၊ လူကြီး အရွယ်စုံခတ်ကစားလေ့ရှိသော ကစားနည်းတစ်ခုလည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် ခြင်းလုံးခတ်ပြိုင်ပွဲ သို့မဟုတ် ပွဲတော်များ ကျင်းပပြုလုပ်ကြသည့် အခါ၌ ဂျပန် ၊ ကိုရီးယား စသည့် အာရှနိုင်ငံသားများသာမက ဥရောပနိုင်ငံသားများပါ ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဝင်ရောက်ဆင်နွှဲနေသည့် မြင်ကွင်းများကိုလည်း တွေ့မြင်ရသည့်အတွက် မြန်မာ့ရိုးရာ အားကစားဖြစ်သည့် ခြင်းလုံး၏ လွှမ်းမိုးနိုင်မှုစွမ်းအားကို မျက်ဝါးထင်ထင် သတိထားတွေ့မြင်မိခဲ့ပါသည်။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေး

**မိတ္ထီလာ ဇွန် ၁၃**

မိတ္ထီလာတက္ကသိုလ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၀ရက်က ၄င်းတက္ကသိုလ်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိရှောင်ရှားနိုင်စေရန်၊ မော်တော်ဆိုင်ကယ်များဖြင့် ကျောင်းတက်သည့် ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန် ရည်ရွယ်ပြီး ပညာပေးဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုးက ပြောကြားသည်။

အဆိုပါ ပညာပေးဟောပြောပွဲတွင် မိတ္ထီလာအမှတ် ၉၆ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ဒုရဲမှူး မြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်းသည့် အသိပညာများကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး မောင်မောင်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မိတ္ထီလာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးမျိုးလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာများကိုလည်းကောင်း ဟောပြောခဲ့ပြီး ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ သရုပ်ပြနည်းပြ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)



# ရုပ်သေးရုပ်များဝယ်သူနည်းပါးသော်လည်း လုပ်ငန်းပြတ်လပ်မှုမရှိလုပ်ကိုင်နေ

**မန္တလေး ဇွန် ၁၃**

ရုပ်သေးရုပ် ပြုလုပ်သည့် ပန်းပုထုသူများ၊ ဆေးရောင်ခြယ်သူများ၊ အဝတ်အထည်ချုပ်သူများနှင့် တပ်ဆင်သည့်လုပ်ငန်း လုပ်ကိုင်သူများ အဝယ်နည်းပါးသော်လည်း လုပ်ငန်းမပြတ်လုပ်ကိုင်နေရကြောင်း သိရသည်။

ရုပ်သေးရုပ်များကို ပြည်တွင်းရော ပြည်ပမှာပါ ဝယ်ယူအားပေးကြပြီး နိုင်ငံခြားသား ဝင်ရောက်မှုနည်းချိန်တွင် တစ်လရုပ်သေးရုပ် ၁၀ ရုပ်ခန့်သာ ရောင်းချရပြီး နိုင်ငံခြားသား အလာများသည့်ရာသီတွင် တစ်လလျှင် ရုပ်သေးရုပ် ၄၀ မှ ၅၀ ခန့်အထိ ရောင်းချရကြောင်း၊ ရုပ်သေးရုပ်ထုလုပ်သည့် ပန်းပုဆရာအရေအတွက် နည်းပါးသဖြင့် ရောင်းကောင်းချိန်တွင် ရောင်းစရာရှိရန် ကြိုတင်၍ လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း ရုပ်သေးရုပ်ထုသည့် ပန်းပုဆရာတစ်ဦးက ပြောသည်။

ရုပ်သေးရုပ်ပြုလုပ်ရာတွင် မျက်နှာ၊ ခြေ၊ လက် ထုလုပ်သည့် ပန်းပုဆရာ၊ ခန္ဓာကိုယ်အတွင်းပိုင်း ပန်းပုဆရာ၊ ဆေးခြယ်သူ၊ အထည်ချုပ်သူ၊ ရွှေချည်ထိုးသူနှင့် အရုပ်တွဲဆက်သူစသည့် အဆင့်များပါဝင်ပြီး အရုပ်တစ်ရုပ်ပြုလုပ်ရန် ခြောက်ရက်ခန့် ကြာမြင့်ကြောင်း ရုပ်သေးပွဲများ နေ့စဉ်ကပြပြီး ရုပ်သေးရုပ်များ ရောင်းချသည့် မန္တလေးမြို့ Myanmar Marionettes ရုပ်သေးသဘင်မှ ဦးသိန်းလွင်က ပြောသည်။

ရှေးရိုးရုပ်သေးသဘင်တွင် သိကြားမင်း၊ ဘုရင်၊ မင်းသား၊ မင်းသမီး၊ လူ့ရွှင်တော်၊ ဘုန်းကြီး၊ ဇော်ဂျီ၊ ဘီလူး၊ မြင်း၊ နဂါး၊ ဂဠုန် အစရှိသည့် ရုပ်သေးရုပ် ၃၆ ရုပ် ပါဝင်ပြီး အခြားသော ဇာတ်ကောင်များနှင့် ပြုလုပ်ကပြလိုပါကလည်း ကြိုးဆွဲကပြနိုင်သည့် ရုပ်သေးရုပ်အဖြစ် ပြုလုပ်ပေးနိုင်ကြောင်း ဦးရွှေရိုး၊ ဒေါ်မိုးကဲ့သို့ ထင်ရှားသည့် ဇာတ်ကောင်ရုပ်သေးရုပ်များကိုလည်း ဈေးကွက်တွင် တွေ့ရှိနိုင်ပြီးယခုနှစ်တွင် ခြင်းဝိုင်းခတ်ကစားသည့် ရုပ်သေးရုပ်များဖြင့်ဒူး၊ ခြေခွင်၊ ခြေဖျားများနှင့် ကြိုးဆွဲကာ ခတ်ကစားပြနိုင်သော ရုပ်သေးခြင်းဝိုင်းကို ဈေးကွက်တင်ရောင်းချသွားမည်ဖြစ်ကြောင်း Myanmar Marionettes ရုပ်သေးသဘင်မှ သိရသည်။

ရုပ်သေးရုပ် ထုလုပ်ရာတွင် ပန်းပုဆရာတစ်ဦးနှင့်တစ်ဦးမျက်နှာဟန်ပန်များ ကွဲပြားကြသော်လည်း ခန္ဓာကိုယ်အစိတ်အပိုင်းများ ထုလုပ်ရာတွင် မူအတိုင်းသာ ဆောင်ရွက်ကြရသည်။ ရှေးမူအရ ဘုရင်ရုပ်ကို ဧကရာဇ်သား၊ မိဖုရား၊ မင်းသား၊ မင်းသမီးနှင့် နတ်ကတော် ရုပ်များကို ယမနေသား၊ ရုက္ခစိုးရုပ်ကို ကုက္ကိုသား အစရှိသည်နှင့် ပြုလုပ်ရန် အစဉ်အလာရှိခဲ့သော်လည်း ယခုအခါတွင် ခိုင်ခံ့မှုရှိပြီး ကြာရှည်ခံသော ကျွန်းသားနှင့်သာ ပြုလုပ်ကြကြောင်း၊ ယမနေသားမှာ ပန်းပုထုရန်အကောင်းဆုံးဖြစ်သော်လည်း ရှားပါးသဖြင့် ယမနေသားကို အသုံးမပြုနိုင်ကြောင်း ရုပ်သေးရုပ်ထုသည့် ပန်းပုဆရာတစ်ဦးက ပြောသည်။

ရောင်းချရာတွင် ရုပ်သေးရုပ်တစ်ရုပ်လျှင် နိုင်ငံခြားသားဆိုပါက ငွေကျပ်ရှစ်သောင်းခန့်နှင့်ရောင်းချပြီး မြန်မာနိုင်ငံသားဆိုက ငွေကျပ် ခြောက်သောင်းနှင့် ရောင်းချကြောင်း၊ အဆိုပါ ရုပ်သေးများသည် စင်ပေါ်တွင်ကပြသည့်အရွယ်အစားဖြစ်ကြောင်း၊ စင်ပေါ်တွင် ကပြဖျော်ဖြေသည့် ရုပ်သေးရုပ်များနည်းတူ ကြိုးဆွဲကပြနိုင်ကြောင်း၊ ရုပ်သေးရုပ်များ ပြုလုပ်ရောင်းချသူများလည်းရှိကြောင်း၊ အများဆုံး ရောင်းချရသည့် ရုပ်သေးရုပ်မှာ သိကြားမင်းရုပ်ဖြစ်ပြီး ဘီလူး၊ မင်းသား၊ မင်းသမီးနှင့်ဘုန်းကြီးရုပ်များလည်း ရောင်းကောင်းကြောင်း သိရသည်။

**အေးမြ(မန္တလေး)**



# မူလတန်းကြိုကလေးများအား ကျန်းမာရေးကုသမှုပေး

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးကွင်းဆင်းကုသပေးမှုကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ရွှေကြာပင်ရပ်ကွက်မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ မိဘများကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာလှဲ့မဥ္ဇူက ကျန်းမာရေးအသိပညာများ ဟောပြောကာ ကလေးငယ် ၄၂ ဦးကို ကိုယ်အလေးချိန် ပေါင်ချိန်ပေးခြင်း ၊ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သော ဆေးဝါးများဖြင့် ကုသပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ကျောင်းအတွင်း /အပြင် ဖုံး၊ သွန်၊ လဲ၊ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



# သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးစင်တာတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ကျောက်မဲ ဇွန် ၁၃**

ကျောက်မဲမြို့ အမှတ် (၉) ရပ်ကွက် တောင်နောက်အောင်မြေသာယာတွင် ဆောက်လုပ်လျက်ရှိသော ငွေကျပ်သိန်း ၆၀၀၀ ကျော် ကမ္ဘာ့အဆင့်မီအဆင့်မြင့် သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးစင်တာ တည်ဆောက်မှုလုပ်ငန်းများမှာ ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။



အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ဇွန် ပထမပတ်က သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြသည်။

အဆိုပါ အဆင့်မြင့် ဘိုးဘွားစောင့်ရှောက်ရေး စင်တာအတွက် လှူဒါန်းလိုသော စေတနာရှင်များရှိပါက ဒုရဲမှူး စန်းစန်းဌေး ဖုန်း- ၀၈၂-၄၀၅၆၄၊ ဦးစံမြင့် ၀၉-၅၂၇၅၈၈၄၊ ဦးမင်းသိန်း (ရွှေဖြိုးဆေးဆိုင်) ၀၈၂-၄၀၄၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်မောင်(ကျောက်မဲ)**

# နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဇွန် ၁၃**

ILO နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပသော နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၉ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ နဒီမြန်မာဟိုတယ်ခန်းမ၌ ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ILO မှ Technical Officer Ms.Jaequeline Pollck နှင့် National Consultant မှ ဒေါ်ဝေနှင်းမိုးတို့က ဦးဆောင်ဆွေးနွေးသည်။ ရွှေ့ပြောင်းလုပ်သားစင်တာ (MRC)များကို တိုင်းဒေသကြီးအတွင်း၌ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံတို့တွင် ရုံးများဖွင့်လှစ်၍ ပြည်တွင်းပြည်ပနိုင်ငံများရှိ ရွှေ့ပြောင်းလုပ်သားများ၏ သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲပြဿနာများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး MRC များတွင် တာဝန်ထမ်းဆောင်သူများကိုလည်း ဆောင်ရွက်ရမည်များကို သင်တန်းပို့ချပေးထားပြီးဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

**ရန်ကုန်**

မြန်မာနိုင်ငံမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနံရံကပ်ဓာတ်ပုံ၊ ပန်းချီပြပွဲနှင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု ၄၁ မှ ရဲအုပ်ဇော်ဇော်နိုင်က မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ ယနေ့ လူငယ်နှင့်မူးယစ်ဆေးဝါးဆက်သွယ်သည့် ကော်ရှုသည့် ပြဿနာများနှင့်နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းအကြောင်းကိုစာရေးဆရာ ဦးမြင့်အေး(ရှုပဗေဒ)က ဟောပြောခဲ့ကြောင်း သိရသည်။ **လှလှ**

**မြို့လှ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းသောင်းလင်းက အမှာစကားပြောကြားပြီး ရွှေကူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမောင်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များကို ဟောပြောခဲ့ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဘာသာစုံဂုဏ်ထူးရှင် ရမည်းသင်း(မြို့မ) အထကမှ ပေါ်ထွက်

**ရမည်းသင်း ဇွန် ၁၃**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက်က ထုတ်ပြန်ခဲ့ရာ ရမည်းသင်း (မြို့မ) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ချိန်းစစ်ငြိမ်းက ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ရမည်းသင်းမြို့ ဝါတိုးအရှေ့ ရပ်ကွက်နေသူ မောင်ချိန်းစစ်ငြိမ်းသည် ငယ်စဉ်ကပင်စာပေ၌ ထူးချွန်ခဲ့သူဖြစ်ရာ အဋ္ဌမတန်းတွင် စကောလားရှစ်ဆု၊ နဝမတန်းတွင် လူရည်ချွန်အဖြစ် အရွေးခံခဲ့ရပြီး အင်းလေးဒေသသို့ အပန်းဖြေသွားရောက်ခဲ့ရသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

(၀၁၁)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## သာသနာ၀င်ကတ်ပြားများ ဆက်ကပ်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၌ မိုးပွင့်အထူးစီမံချက်ဖြင့် သာသနာ၀င်စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးအပ်ပွဲကို သာခုအနောက်ရပ်ကွက်ရှိ ပြည်လုံးချမ်းသာစာသင်တိုက်၌ ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့သည်။

သာသနာ၀င်ကတ်ပြားများပေးအပ်ပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်က ဩ၀ါဒချီးမြှင့်ပြီး တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးစိန်မော်(ညွှန်ကြားရေးမှူး)က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တိုင်းသာသနာရေးဦးစီးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဦး၊ ခရိုင်လ၀ကဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်၀င်းကျော်နှင့် မြို့နယ်လ၀က ဦးစီးဌာမှူး ဦးကျော်ကျော်ဦးတို့က သာသနာ၀င်စိစစ်ရေးကတ် ၆၆ ကတ်ကို သံဃာတော်နှင့် သာမဏေများထံ ဆက်ကပ်ပေးအပ်ခဲ့သည်။

**တင်၀င်းလေး(ကြည့်မြင်တိုင်)**

## သွေးလွန်တုပ်ကွေးနှင့် ၀မ်းပျက်၀မ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ဆားလင်းကြီး ဇွန် ၁၃**

ညောင်တုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအဖြစ် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးအောင်နိုင်နှင့် ၀န်ထမ်းများက ဇွန် ၁၀ ရက်တွင် ဆောင်ရွက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးစုမွန်၀င်းနှင့် ၀န်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ၀မ်းပျက်၀မ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ညောင်တုန်းမြို့တွင် ရပ်ကွက်များအတွင်း အသိပညာပေးခြင်း၊ စာသင်ကျောင်း၊ ဈေး၊ ဆေးရုံများ၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်၊ယင်များနှင့် ပိုးလောက်လန်းနှိမ်နင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်နေပြည်သူများ၊ ကျန်းမာရေး၀န်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**ဆားလင်းကြီး ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မတောင့်တကျေးရွာ၌ တည်ဆောက်ပြီးစီးသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ကို ကျန်းမာရေး၀န်ကြီးဌာနသို့ ဇွန် ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆေးရုံအဆောက်အအုံသစ်ကို မတောင့်တရွာဇာတိ ပိဋကတ်နှစ်ပုံဆောင် ဆရာတော် အရှင်သီလာစာရက မတည်လှူဒါန်း၍ ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ဆရာတော် ဘ၀နတ်ထံပျံလွန်တော်မူခဲ့ပြီးနောက် စစ်ကိုင်းမင်းကွန်းရွှေရတု တိပိဋကဓရဆရာတော်များဖြစ်ကြသည့် ဘဒ္ဒန္တသီလက္ခန္ဓာဘိ၀ံသနှင့် ဘဒ္ဒန္တ၀ံသပါလာလင်္ကာရတို့က လိုအပ်သည်များကို ပံ့ပိုးလှူဒါန်း၍ အပြီးသတ်ဆောက်လုပ်ခဲ့ပြီး ကျန်းမာရေး၀န်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး ၀န်ကြီးချုပ် ဦးသာအေး၊ လမ်းပန်းဆက်သွယ်ရေး၀န်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေး၀န်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဌာနဆိုင်ရာတာ၀န်ရှိသူများ၊ မတောင့်တကျေးရွာမှဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲတွင် တိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းအချက်အလက်များကို ဆရာတော် အရှင်သီလာစာရ၏ ခမည်းတော်ဦးလှသန်းက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းထံသို့ လွှဲပြောင်းပေးအပ်ပြီး ဆေးရုံအဆောက်အအုံသစ်ကို တိုင်းဒေသကြီး၀န်ကြီးချုပ်နှင့် တာ၀န်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**ဦးငယ်(ဆားလင်းကြီး)**



## စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ်မီးသတ်စခန်းများသို့ ဘဏ္ဍာနှစ်သစ်အတွင်း မီးသတ်ယာဉ်များ ထပ်မံဖြည့်တင်းပေးမည်

**မုံရွာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများနှင့် ကျေးရွာမီးသတ်တပ်ဖွဲ့စခန်းများတွင် အသုံးပြုရန် မီးသတ်ယာဉ်များ၊ လှေကားတင်မီးသတ်ယာဉ်များနှင့် အပေါ့စားမီးသတ်စက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေမှ ကျပ်သန်း ၂၀၀၀ ကျော်အသုံးပြု၍ ထပ်မံဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီး၀န်ကြီးချုပ်ရဲ့ ညွှန်ကြားမှုနဲ့တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်မီးသတ်စခန်းတွေ၊ ကျေးရွာမီးသတ်တပ်ဖွဲ့စခန်းတွေမှာ နှစ်စဉ်ဖြည့်တင်းပေးတာပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာလည်း မီးငြှိမ်းသတ်ယာဉ်၊ အပေါ့စားမီးသတ်စက်တွေနဲ့ အထပ်မြင့်အဆောက်အဦးတွေမှာ မီးငြှိမ်းသတ်ခြင်းနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်မယ့် လှေကားတင်မီးငြှိမ်းသတ်ယာဉ်တွေကို ထပ်မံဖြည့်တင်းပေးတာပါ။ အခုရရှိမယ့် မီးငြှိမ်းသတ်ယာဉ်တွေနဲ့ အပေါ့စားမီးသတ်စက်တွေကို ထပ်မံဖြည့်တင်းဖို့လိုအပ်တဲ့ မြို့နယ်တွေ၊ ကျေးရွာတွေက မီးသတ်စခန်းတွေကို ဖြန့်ခွဲပေးသွားမှာပါ"ဟု တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာ၀န်ရှိသူတစ်ဦးက မီးငြှိမ်းသတ်ယာဉ်များ ထပ်မံဖြည့်တင်းပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေဖြင့် လှေကားတင် မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်ယာဉ် ၂၅ စီး၊ အပေါ့စားမီးသတ်စက် အလုံး ၁၀၀ တို့ကို ထပ်မံဖြည့်တင်းရန်အတွက် ငွေကျပ် ၂၂၆၈ ဒသမ ၆၉ သန်း လျာထားကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြို့နယ်မီးသတ်စခန်းများသို့ မီးသတ်ယာဉ် ၆၅ စီးနှင့် မီးသတ်ရေသယ်ယာဉ် ၄၃ စီးကို ၀ယ်ယူဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပုဗ္ဗသီရိမြို့နယ်တွင် မုံရွာကွမ်းနု၀ါစိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်း

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သစ်ယာကုန်းအုပ်စုအတွင်းရှိ ကျေးရွာများတွင် မုံရွာမူရင်းမျိုး ကွမ်းနု၀ါစိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခင်က ရွှေဘားမျိုး၊ ရန်ကုန်မျိုးများစိုက်ပျိုးခဲ့သော်လည်း ရာသီဥတုနှင့် မကိုက်ညီသောကြောင့် မအောင်မြင်သဖြင့် ယခုကွမ်းနု၀ါအား အပင် ၁၀၀၀ နှင့် ခြံတစ်ခြံအပါအ၀င် စုစုပေါင်း ကုန်ကျငွေသိန်း ၂၀ ခန့် ရင်းနှီးစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ကွမ်းနု၀ါများအား ၁၂ ရက်တစ်ကြိမ်၊ နှစ်လငါးကြိမ်ခူးရပြီး တစ်ကြိမ်ခူးတိုင်း ပိဿာ ၃၀ ကျော်ရရှိကာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် ရောင်းချရသည်ဟု ကွမ်းစိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

အဆိုပါ ကွမ်းခြံများအတွက် သဘာ၀ မြေဩဇာများဖြစ်သော မန်ကျည်းရွက်ဆွေး၊ ကုက္ကိုရွက်ဆွေးနှင့် နွားချေးများကိုအသုံးပြုရသဖြင့် ဒေသတွင်း ကွမ်းခြံများအတွက် မြေဆွေးရောင်းချသူများပါ အရောင်းအ၀ယ် သွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကို**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ**

## ရေဦးမြို့နယ်၌ နေ့အပူချိန်မြင့်တက်မှုကြောင့် စာသင်ချိန်များ ယာယီပြောင်းလဲသတ်မှတ်

**ရေဦး ဇွန် ၁၃**

ရေဦးမြို့နယ်အတွင်း၌ အပူချိန်များမြင့်တက်နေခြင်းကြောင့် အခြေခံပညာကျောင်းများ၏ စာသင်ချိန်များကို ဇွန် ၉ ရက်မှစ၍ ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။

"အပူချိန်က တစ်နေ့ထက်တစ်နေ့ဆိုသလို မြင့်တက်လာတယ်၊ ၄၂ ဒီဂရီစင်တီဂရိတ်အထိ ရှိနေတယ်။ အထက်တန်းကျောင်းတွေမှာက ကျောင်းဆောင်တွေမှာ မျက်နှာကြက်တပ်ထားပေမယ့် မူလတန်းကျောင်းတွေရဲ့ ကျောင်းဆောင်တွေမှာ မျက်နှာကြက်မရှိတော့ အပူရှိန်ပိုများတယ်။ အပူဒဏ်ကြောင့် တချို့ကလေးတွေ ချွေးထွက်များပြီး ပင်ပန်းနွမ်းနယ်နေသလို ဖြစ်နေကြတယ်။ မိဘတွေက ကလေးတွေကျန်းမာရေးထိခိုက်မှာ တွေးပူနေကြရတယ်။ အခုလို ကျောင်းသားမိဘနဲ့ ဆရာတွေ ပူးပေါင်းညှိနှိုင်းပြီး စာသင်ချိန် ယာယီပြောင်းလဲသတ်မှတ်ပေးတာကို မူလတန်းကျောင်းသားမိဘတစ်ယောက်အနေနဲ့ သဘောကျပါတယ်"ဟု ပထမတန်းကျောင်းသားတစ်ဦး၏ မိခင်ဖြစ်သူ ဒေါ်ခင်ကလျာအောင်က ပြောသည်။ စာသင်ချိန်များကို ယခင်စာသင်ချိန် နံနက် ၉နာရီမှ ညနေ ၃ နာရီခွဲအစား အပူချိန်လျော့သော နံနက် ၇ နာရီမှ ၁၂ နာရီအထိ ယာယီပြောင်းလဲသတ်မှတ်ထားခြင်းဖြစ်သည်။

**သန်းထိုက်(ရေဦး)**

## မူးယစ်ဆေး၀ါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေး၀ါးအလွဲသုံးမှုနှင့် တရားမ၀င်ရောင်း၀ယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးစီး၍ ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာတမ်းများ ပြပွဲကို ကျောက်တံတားမြို့နယ်၊ အထက(၁) ကျောင်းခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးယုနိုင်က မူးယစ်ဆေး၀ါးတားဆီးတိုက်ဖျက်ရေး၊ အမှတ်(၄၀)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးမျိုးကြည်က မူးယစ်ဆေး၀ါး၏ အန္တရာယ်များ၊ လူမှု၀န်ထမ်းဦးစီးဌာန မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်က ယနေ့လူငယ်နှင့် မူးယစ်အန္တရာယ် နောက်ဆက်တွဲစောင့်ရှောက်မှု စသည့်အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲနှင့် ပြပွဲသို့ အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်မော်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၀င်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် မူးယစ်ဆေး၀ါးတားဆီးရေး ပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖြန့်၀ေပေးခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေး၀ါးအလွဲသုံးမှုနှင့် တရားမ၀င်ရောင်း၀ယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာတမ်းများကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုး၀င်း(SP)**

# ဘိန်းအစားထိုးသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ပညာပေးသင်တန်းများ ဆက်တိုက်ဖွင့်မည်

**ကလော ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလော မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေသည့်(ယင်းမာ)စီမံချက်အရ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး ပညာပေးတစ်ရက်သင်တန်းများကို ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဇွန် ၂၆ ရက်အထိ တစ်ရွာပြီးတစ်ရွာ လိုက်လံပညာပေး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးသင်တန်းကို နန်းတိုင်းကျေးရွာအုပ်စု ဆောင်းဘွဲ့ကျေးရွာဘုန်းကြီးကျောင်း၌ ဇွန် ၁၀ က စတင်ဖွင့်လှစ်ပို့ချခဲ့သည်။



ကလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဘားရီနှင့် စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများက သင်ကြားပို့ချခဲ့ပြီး ဆောင်းဘွဲ့နှင့် ဟင်းခါးကုန်းကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

သင်တန်းတွင် ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပညာပေးသင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက စပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်၊ အစေ့ထုတ်ပြောင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP ၁၁ ချက်၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်၊ အပင်အတွက် အဓိကလိုအပ်သော အာဟာရများစသည့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်သူများသိရှိသင့်သည့် အချက်များကို ပို့ချခဲ့ကာ လက်ကမ်း စာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မူဆယ် ဇွန် ၁၃**

မူးယစ်ဆေးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အထက(၂)၌ ဇွန် ၁၁ ရက်တွင် ကျင်းပရာ မူဆယ်မြို့နယ် ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာစိုင်းလှိုင်ပန်က HIV/AIDS ရောဂါအကြောင်း၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန့်က မူးယစ်ဆေးဝါးနှင့် မှုခင်းပိုင်းဆိုင်ရာများ၊ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းနိုင်က ဘိန်းခင်းများ၏သမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် အနာဂတ်လူငယ် စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# ပုသိမ်မြို့၌ ရွှေပြည်တော်အဆင့်မြင့် 3D ရုပ်ရှင်ရုံဖွင့်

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရွှေပြည်တော်အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ်ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မင်းကြီးလမ်းနှင့် ဘူတာရုံလမ်းထောင့်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ သရုပ်ဆောင်လူမင်းအပါအဝင် ရွှေပြည်တော်အဆင့်မြင့် ရုပ်ရှင်ရုံမန်နေဂျင်း ဒါရိုက်တာ ဇွန်ပန်း ဦးစိုးနိုင်နှင့် တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေထွန်းတို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးအေးကျော်နှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၊ ရုပ်ရှင်ဝါသနာရှင်များ တက်ရောက်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြည်သူများချမ်းမြေ့ပျော်ရွှင်စွာ အနားယူရန်နှင့်သုတ/ရသပညာပေးဇာတ်လမ်းများ ကြည့်ရှုလေ့လာရင်း ဗဟုသုတများတိုးပွားစေရန်ရည်သန်၍ တိုင်းဒေသကြီးအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် နှစ်ပေါင်း ၄၀ ကျော်ကာလတိုင် တိမ်မြုပ်လျက်ရှိသော ရုပ်ရှင်တစ်ခေတ် ပြန်လည်ရှင်သန်လာသည့် အထိမ်းအမှတ်အဖြစ် ဇွန် ၁၂ ရက် မွန်းတည့် ၁၂ နာရီက စာရေးဆရာမ ပုညခင်ရေးသားသောဝတ္ထုကို ဒါရိုက်တာဝိုင်းက စီစဉ်လျက် သရုပ်ဆောင် နေတိုး၊ ဖွေးဖွေးတို့ အစွမ်းကုန်ကြိုးစားပြသထားသည့် "ကျွန်မကနှင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကား ပြသလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**





## ပြန်လည်စွန့်လွှတ်မြေယာများကို မူလပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်

**ဆားလင်းကြီး ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အမှတ်(၆) စက်မှုဝန်ကြီးဌာန ချည်/ထည်စက်ရုံ(ဆားလင်းကြီး) ဧရိယာများထဲမှ မြေ ၁၀၁ ဒသမ ၁၉ ဧကကို မူလပိုင်ရှင် တောင်သူ ၁၉ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၃)ဖြင့် ဆားလင်းကြီးမြို့ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီက ဇွန် ၁၁ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကျင်းပသည့် ယာယီလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြေယာမူလပိုင်ရှင်တောင်သူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြန်လည်စွန့်လွှတ်သည့်မြေယာများအတွက်ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၃)များကို တောင်သူ ၁၉ ဦးထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

**ဦးငယ်(ဆားလင်းကြီး)**

## ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်

**ရမည်းသင်း ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေသိန်းက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအကြောင်း သိကောင်းစရာများကို ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအား ဆွေးနွေးပို့ချသည်။ သင်တန်းသို့ ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင် ၉၆ ဦး တက်ရောက်ခဲ့ကြသည်။

**တင်ဦး(ရမည်းသင်း)**

## မိုးစပါးနှင့် မိုးသီးနှံ တိုးမြှင့်စိုက်ပျိုးရေး ပညာပေးဟောပြော

**မြိုင် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းမှ မိုးစပါးချေးငွေထုတ်ယူရန် ဘဏ်သို့လာရောက်သောတောင်သူများအား မိုးစပါးနှင့် မိုးသီးနှံများ တိုးမြှင့်စိုက်ပျိုးရေး ပညာပေးဟောပြောသည့်အစီအစဉ်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နားနေဆောင်၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့ သည်။

ဟောပြောပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကြည်ဝင်းက တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုရေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်ဦးက အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးရေး၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနည်းများ စသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



**ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးစတစ်ကာများကို ဂန့်ဂေါမြို့ပေါ်ရှိ စာသင်ကျောင်း၊ ကားဂိတ်နှင့် ဘူတာရုံစသည့် လူစည်ကားရာနေရာများ၌ ရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ ကျန်းမာရေးဌာနနှင့် ပြန်/ဆက်ဦးစီးဌာနများ ပူးပေါင်း၍ လိုက်လံကပ်ပေးစဉ်။** (၁၀၁)

# ယူရို ၂၀၁၆မှာ စပိန်တို့ အောင်ပွဲခံနိုင်ပါ့မလား



ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို ကစားနေပြီဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်း တွေအနက် ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းကတော့ စပိန်ပဲဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံလည်းဖြစ်တဲ့ စပိန်တို့ဟာ လောလောဆယ်မှာ အုပ်စု (C) မှာ ပါဝင်နေပြီး ခြေစွမ်းပြနေတာမို့ ငါးပွဲကစားပြီးချိန် ၁၂ မှတ်ရရှိပြီး အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။

နည်းပြဒဲလ်ဘော့စကေး ကိုင်တွယ်နေတဲ့စပိန်အသင်းဟာ ယူရိုဘောလုံးပွဲသမိုင်းမှာတော့ ၁၉၆၄၊ ၂၀၀၈နဲ့ ၂၀၁၂ခုနှစ်တို့မှာ ဗိုလ်စွဲထားနိုင်ခဲ့လို့ အခုလာမယ့် ၂၀၁၆ ယူရိုမှာလည်း ချန်ပီယံဘွဲ့ကို ဆက်လက် ကာကွယ်နိုင်ဖို့ အပြင်းအထန်ကြိုးစားနေပါတယ်။ ၂၀၁၀ကမ္ဘာ့ဖလားပွဲမှာ စပိန်တို့ဗိုလ်စွဲခဲ့ပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာတော့ အုပ်စုအဆင့်က ထွက်ခဲ့ရတဲ့ သင်ခန်းစာတွေလည်း ရရှိထားပြီဖြစ်လို့ အသင်းတိုင်းကို အလေးထားယှဉ်ပြိုင်နေတယ်လို့ နည်းပြဒဲလ်ဘော့စကေးက ပြောပါတယ်။

စပိန်အသင်းမှာ ဂိုး-ကာဆီးလက်စ်နဲ့ ဒီဂီယာတို့ရှိနေပြီး နောက်တန်းမှာ ပီကေး၊ အယ်လ်ဘာ၊ ရာမို့စ်၊ ဘာနက်နဲ့ ဘာဘရာစတဲ့ ကစားသမားတွေ ရှိနေပါတယ်။ အလယ်တန်းမှာ ဇီဒယ်၊ ဖာဘရီဂတ်စ်၊ ဘတ်ကွက်စ်၊ အစ္စကို၊ ဇီတိုလို၊ ကာဇိုလာ၊ ဆေးလ်ဗားနဲ့တိုက်စစ်မှာ ပီဒရို၊ နိုလီကို၊ မိုရာတာ၊ ပါကိုအယ်ကာဘာတို့ ပါဝင်နေတာမို့ အင်အားတောင့်တင်းနေတာတော့ အမှန်ပါပဲ။

ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ စပိန်အသင်းဟာ အုပ်စု (C) မှာ ဆလိုဗက်ကီးယား၊ ယူကရိန်း၊ ဘီလာရုစ်၊ မက်ဆီဒိုးနီးယား၊ လူဇင်ဘတ်တို့နဲ့ အတူပါဝင်နေပြီး ဘီလာရုစ်ကို ပထမ အကျော့မှာ သုံးဂိုးပြတ်နိုင်ကာ ယူကရိန်းကိုလည်း တစ်ဂိုး-ဂိုးမရှိနိုင်ပြီး လူဇင်ဘတ်ကိုလည်း လေးဂိုးပြတ်နဲ့ နိုင်ပွဲဆက်ထားပါတယ်။

စပိန်အသင်းတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းထားမှုအနေအထားကိုကြည့်ရင် ပါကိုအယ်ကာဘာက သုံးဂိုး၊ ပီဒရိုက နှစ်ဂိုး၊ ဒေးဗစ်ဆေးလ်ဗားက နှစ်ဂိုး၊ ဆာဂျီရိုဘတ်ကွက်စ်ကနှစ်ဂိုးနဲ့ ဘာနက်ကတစ်ဂိုး အသီးသီးသွင်းယူပေးထားလို့ တိုက်စစ်မှူး တစ်ဦးတည်းအပေါ်မှာ မှီခိုအားထားမှုမရှိဘူးဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

စပိန်အသင်းဟာ တိုက်စစ်ထက်မြက်ပြီး ခံစစ်ပိုင်းလည်း သိပ်သည်းကျစ်လျစ်တာမို့ ပြိုင်ဘက်အသင်းတွေအတွက် ရင်ဆိုင်ရခက်ခဲတဲ့ အသင်းတစ်သင်းဖြစ်နေပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းချိတ်ဆက်မှု ဟန်ချက်ညီနေပြီး ခံစစ်ပိုင်း တောင့်တင်းအောင် ဖွဲ့စည်းထားတဲ့ နည်းပြဒဲလ်ဘော့စကေးရဲ့ စပိန်အသင်းဟာ လောလောဆယ်မှာတော့ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေထဲမှာ ထိပ်ဆုံးကရှိနေပါတယ်။

"စပိန်အသင်းဟာ ယူရိုချန်ပီယံအဖြစ် ဆက်လက်ကာကွယ်နိုင်ဖို့အတွက် ကြိုးစားနေပြီး တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားသူတွေနဲ့ စုဖွဲ့ထားတာဖြစ်လို့ တစ်ပွဲချင်းရလဒ်ကောင်းအောင် အာရုံစိုက်ကစားနေပါတယ်။ ဘယ်အသင်းကိုမှ ပေါ့ပေါ့ဆဆ ကစားမှာမဟုတ်တာမို့ ပွဲစဉ်အားလုံး အလေးအနက်ထားပြီးနိုင်ပွဲရအောင်ကြိုးစားနေပါတယ်"ဟုစပိန်နည်းပြ ဒဲလ်ဘော့စကေးကပြောကြားနေပါတယ်။ ဒါကြောင့် ယူရို ၂၀၁၆ မှာ စပိန်တို့ ဘယ်လိုအောင်မြင်မှုတွေ ရယူသွားနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**




## ကိုပါအမေရိကဖလား ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ ချီလီ

ကိုပါအမေရိကဘောလုံးပြိုင်ပွဲကို ဇွန် ၁၁ ရက်မှ ဇူလိုင် ၄ ရက်အထိ ချီလီနိုင်ငံမှာ ကျင်းပလျက်ရှိပါတယ်။ အိမ်ရှင်ဖြစ်တဲ့ ချီလီအသင်းဟာ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ ဆန်ချက်ဇ်၊ ဗစ်ဒဲလ်၊ ဗားဂတ်စ် စတဲ့ ကစားသမားများ ပါဝင်နေတဲ့အတွက် ဒီနှစ်ရာသီမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့အသင်းတွေထဲက တစ်သင်းလို့ဆိုပါတယ်။ ကွင်းလယ်ကစားသမား အာတူရိုဗစ်ဒဲလ်၊ ကျူပီအာကစားသမားဟောင်း ဗားဂတ်စ်နဲ့ အာဆင်နယ်တိုက်စစ်မှူး ဆန်ချက်ဇ်တို့ဟာ ချီလီအသင်းကို ဦးဆောင်ကစားမယ့် ကစားသမားတွေဖြစ်ပါတယ်။ အဖွင့်ပွဲမှာတော့ အိမ်ရှင် ချီလီအသင်းက ဗစ်ဒဲလ်နဲ့ ဗားဂတ်စ်တို့ရဲ့ ဂိုးတွေနဲ့ အီကွေဒေါကို နှစ်ဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ချီလီအသင်းဟာ ဒီကိုပါအမေရိကဖလားကို ဆွတ်ခူးနိုင်ခြင်းမရှိတာဟာ ၉၉ နှစ်ရှိသွားပြီဖြစ်ပါတယ်။ ဒီအထဲမှာ ဒုတိယလေးကြိမ်ရခဲ့ရာမှာ ၁၉၈၇ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်။ ချီလီအသင်းဟာ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ပြီးရင် ဖလားဆွတ်ခူးနိုင်တဲ့ တတိယရေပန်းအစားဆုံး အသင်းဖြစ်ပါတယ်။

## ဖယ်ကာအိုကို မော်ရင်ဟို ကူညီနိုင်ဖွယ်ရှိ

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုအနေနဲ့ ဝေဖန်တိုက်ခိုက်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုကို ကူညီပေးဖွယ်ရှိပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဖယ်ကာအိုသို့ မန်ယူက တစ်နှစ်စာချုပ်နဲ့ အငှားခေါ်ယူခဲ့ရာမှာ ၂၉ ပွဲမှာ လေးဂိုးသာ သွင်းနိုင်ခဲ့တဲ့အတွက် မိုနာကိုသို့ ပြန်ခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ဖယ်ကာအိုကို ခေါ်ယူဖွယ်ရှိနေပြီး တစ်ပတ်လုပ်ခပေါင် ၂၆၅၀၀၀ကို လျှော့ပေးပြီး ခေါ်ယူလိမ့်မယ်လို့ သတင်းများထွက်ပေါ်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဖယ်ကာအိုကိုအဆင့်ရှိတဲ့ကစားသမားတစ်ယောက်ဖြစ်ဖို့ ကူညီနိုင်မယ်ဆိုရင် ကူညီပေးချင်ပါတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

ဖယ်ကာအိုဟာ အင်္ဂလန်မှာဝေဖန်မှုတွေနဲ့ နာကျင်စွာခံစားခဲ့ရတဲ့ ကစားသမားတစ်ဦးပါ။ သူ့ကိုကျွန်တော်တို့ ကူညီသွားမှာပါလို့ မော်ရင်ဟိုက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီး ဝါရင့်တိုက်စစ်မှူးကြီး ဒရော့ဘာဟာ ချယ်လ်ဆီးကို ဖလားဆွတ်ခူးပေးခဲ့ပြီး ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။ ဖယ်ကာအိုအနေနဲ့ ဒရော့ဘာနေရာမှာ ဝင်ရောက်ဖွယ်ရှိနေပါတယ်။






## ပေါင်သန်း ၅၀ တန်တယ်ဆိုတဲ့ စတာလင်း

မန်စီးတီးက လီဗာပူးတိုက်စစ်မှူး စတာလင်းကို ပေါင် ၂၅ သန်းနဲ့ ကမ်းလှမ်းခဲ့ရာမှာ လီဗာပူးက ပယ်ချလိုက်ပါတယ်။ စတာလင်းဟာ ဒီထက်မက တန်ကြေးရှိတယ်လို့ဆိုပါတယ်။ အင်္ဂလန်ကစားသမား စတာလင်းကို ရီးရဲမက်ဒရစ်နဲ့ အာဆင်နယ်တို့ကတောင် ပေါင်သန်း ၅၀ နဲ့ အဆက်အသွယ်ပြုလုပ်ခဲ့တယ်လို့ လီဗာပူးတာဝန်ရှိသူတွေက ဆိုပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ စတာလင်းဟာ ၂၀၁၀ ပြည့်နှစ်က ကျူပီအာအသင်းမှ လီဗာပူးသို့ ရောက်ရှိလာပြီး လက်ရှိစာချုပ်အရ ၂၀၁၇ ခုနှစ်အထိ လီဗာပူးနဲ့ ကစားရမှာဖြစ်ပါတယ်။ သူကတော့ လီဗာပူးက တစ်ပတ်ပေါင် ၁၀၀,၀၀၀နဲ့ ထပ်မံစာချုပ်ဖို့ ကမ်းလှမ်းရာမှာ ငြင်းဆိုထားခဲ့ပါတယ်။ စတာလင်းဟာ လက်ရှိစာချုပ်အရ အန်ဖီးလ်မှာပဲ ဆက်ရှိလိမ့်မယ်လို့ နည်းပြရော်ဂျာက ပြီးခဲ့တဲ့လက ပြောဆိုခဲ့ပါတယ်။ မန်စီးတီးဥက္ကဋ္ဌ ခါးဒွန်း အယ်လ်မူဘာရက်က နွေရာသီမှာ ကစားသမားများအတွက် ရင်းနှီးမြှုပ်နှံသွားမယ်လို့ ကတိပြုပြောဆိုပြီး တစ်ရက်အကြာမှာ မန်စီးတီးက စတာလင်းကို ခေါ်ယူဖို့ကမ်းလှမ်းခဲ့တယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ ➢ စုစည်းသည်။**

# ကျောက်ပန်းတောင်းမြို့ ကောင်းဒီတောင်တက်လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်း

**ကျောက်ပန်းတောင်း ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့အနီးရှိ ကောင်းဒီတောင်တက်လမ်းကို တောင်ပေါ်တက်သူများ အလွယ်တကူတက်ရောက်နိုင်ရန်အတွက် ဂူကျောင်းစာသင်တိုက် ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော်များနှင့် အကျိုးတော်ဆောင်များကဦးဆောင်၍ အများစုပေါင်းလှူဒါန်းငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ရေဝေရေလဲဒေသအတွင်း မြို့နှင့်အနီးဆုံးတွင် တည်ရှိသော မြခဲတောင်၊ နွားသိုးတောင်၊ နတ်ကန်တောင်နှင့် ကောင်းဒီတောင်အစရှိသည့် တောင်များအနက် အမြင့် ၁၈၈၆ ပေရှိ ကောင်းဒီတောင်သည် မြို့ခံပြည်သူ လူကြီး၊ လူငယ်များ ကျန်းမာရေးအထောက်အကူပြုစေရန် အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း တက်ရောက်လေ့ရှိသော တောင်ဖြစ်ကာ တောင်ပေါ်ဘုရားများကို ဖူးရန် တက်သူများလည်းရှိသဖြင့် တောင်တက်လမ်းကို ကွန်ကရစ်ခင်းခြင်းဖြစ်သည်။



လမ်းခင်းခြင်းလုပ်ငန်းကို စိတ္တပါလ ဂူကျောင်းစာသင်တိုက်မှ နာယကဆရာတော်ကြီး ကိုယ်တိုင်ဦးစီး၍ အကျိုးတော်ဆောင်များနှင့် ညနေပိုင်းတောင်တက်အဖွဲ့မိတ်ဆွေများက ကမကထပြုခင်းနေခြင်းဖြစ်ပြီး မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးနှင့် ဈေးအဖွဲ့များမှ ပြည်သူများက မော်တော်ယာဉ်များဖြင့် အဖွဲ့လိုက်တက်ရောက်၍ နေ့စဉ်လုပ်အားဒါနပြုလျက်ရှိသည်။ အသစ်ခင်းကျင်းမည့် ကွန်ကရစ်လမ်းအတွက် ကုန်ကျငွေ ကျပ်သိန်း ၁၈၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်းနှင့် လမ်းကို စတင်၍ခင်းနေပြီဖြစ်သော်လည်း ယခုအချိန်အထိအလှူခံရှိငွေမှာ ကျပ်သိန်း ၈၀ ကျော်သာ ရရှိသေးသဖြင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်များ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၃၃၀၂၇၈၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကောင်းဒီတောင်ပေါ်၌ တောင်အတက်အဆင်းခက်ခဲသည့် အကွေ့နှစ်ခုတွင် ကွန်ကရစ်လမ်း ပေ ၁၀၀၀ ကျော်ခန့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်းက အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ကိုယ့်အားကိုယ်ကိုးခင်းခဲ့ပြီးနောက် ဘဏ္ဍာငွေအခြေအနေအရ လမ်းခင်းခြင်းကို ရပ်နားထားခဲ့ရသည်။

ယခုအခါ ပြုပြင်ရန်လိုအပ်နေသည့် အကွေ့နှစ်ခု လမ်းအရှည် ပေ ၂၀၀၀ ခန့်ကို အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဒုတိယအကြိမ် ဆက်ခင်းခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

# သမဝါယမချေးငွေ ကျပ်သန်း ၆၀၀၀ နီးပါး ထုတ်ချေး

**မြင်းခြံ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များမှ သမဝါယမအသင်းများသို့ ချေးငွေ ကျပ်သန်းပေါင်း ၆၀၀၀ နီးပါးကို မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်စုဝေးခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက မြင်းခြံမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၅၇ သင်းမှ အသင်းသား ၂၀၀၀၈ ဦးအတွက် ချေးငွေကျပ်၂၁၄၆ ဒသမ ၁ သန်းကို မြင်းခြံမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်ထံသို့လည်းကောင်း၊ တောင်သာမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၂၁ သင်းမှ အသင်းသား ၁၀၂၀၇ ဦးအတွက် ချေးငွေကျပ် ၁၁၇၂ ဒသမ ၅ သန်းကို တောင်သာမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပြေအေးသို့လည်းကောင်း၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၀၀ မှ အသင်းသား ၆၇၉၀ အတွက် ထုတ်ချေးငွေကျပ် ၆၉၉ ဒသမ ၆၅ သန်းကို နွားထိုးကြီးသမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းထံသို့လည်းကောင်း ၊ ငါန်းဇွန်မြို့နယ်အတွင်းရှိ သမဝါယမ အသင်း ၁၀၄ သင်းမှ အသင်းသား ၄၈၅၇ ဦးအတွက် ချေးငွေကျပ် ၄၇၄ ဒသမ ၉၆ သန်းကို ငါန်းဇွန်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ကျော်သို့လည်းကောင်း ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သမဝါယမချေးငွေများအပြင် ကုမ္ပဏီများမှ ရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများကို အသင်းသားများ အရစ်ကျဝယ်ယူနိုင်ရန်အတွက် ချေးငွေများကိုလည်း ဆက်လက်ပေးအပ်ခဲ့သည်။ ထွန်စက် ၄၅ စီးနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး ပစ္စည်း ၁၅ မျိုးကို မြင်းခြံခရိုင်အတွင်းရှိ သမဝါယမအသင်းများ အရစ်ကျဝယ်ယူရန် ချေးငွေကျပ် ၄၄၀ ဒသမ ၉၄၉ သန်းကို တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်က မြင်းခြံမြို့နယ်သမဝါယမအသင်းစုအတွင်းရေးမှူးထံသို့ လည်းကောင်း၊ စက်ပစ္စည်းကိရိယာများဝယ်ယူရန် ကျပ် ၁၂၃ ဒသမ ၇၀၉ သန်းကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မြင်းခြံမြို့နယ် သမဝါယမအသင်းစု အမှုဆောင်တစ်ဦးသို့လည်းကောင်း ပံ့ပိုးပေးအပ်ခဲ့သည်။

မြင်းခြံခရိုင်အတွင်း မြို့နယ်လေးခုမှ သမဝါယမအသင်း ၅၄၆ သင်းရှိ အသင်းသား ၄၁၉၄၈ ဦးအတွက် ထုတ်ချေးခဲ့သည့် ချေးငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၅၉၃၀ ဒသမ ၀၁၇ သန်း ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ငါန်းဇွန်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌများနှင့် မြင်းခြံခရိုင်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ သမဝါယမအသင်းသားများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက သမဝါယမလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌက ချေးငွေများနှင့်ပတ်သက်၍လည်းကောင်း၊ မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက မြင်းခြံခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တရားမဝင် လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းသူများအား အရှိန်မြှင့်ဖမ်းဆီးလျက်ရှိ

**ကလေး ဇွန် ၁၃**

ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်၍ ကလေးခရိုင်အတွင်း လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းသူများကို ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက အရှိန်မြှင့်ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က ကလေးမြို့နယ်အတွင်း တရားမဝင် လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းသူများအား သက်သေများနှင့်အတူ လိုက်လံဖမ်းဆီးနေခြင်းဖြစ်ကာ မေ ၂၇ ရက်မှ ဇွန် ၆ ရက်အတွင်း ဖမ်းဆီးရမိသူများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေအရ ကလေးမြို့မရဲစခန်းနှင့် ကလေးမြို့နယ် မြောက်စည်း(ရွာမ)ရဲစခန်းများ၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မေ ၂၇ ရက်တွင် ပျဉ်းတောဦးကျေးရွာနေ ဦးရမ်လျံထန်၊ ဦးညိုမောင်နှင့် ဦးဗန်လျံထန်တို့အား 12 V ဘက်ထရီသုံးလုံး၊ ရှော့ခ်တံသုံးခု၊ ပလိုင်းသုံးခုနှင့် လိုင်စင်မပါဆိုင်ကယ်သုံးစီးနှင့်အတူ ကလေး-တမူးလမ်းပေါ်ရှိ ကံသာယာကျေးရွာအနီး၌ လည်းကောင်း၊ ဇွန် ၆ ရက်တွင် ကြို့သုံးပင်ကျေးရွာအုပ်စုနေ မောင်ပွီးယာနှင့် မောင်လားမွန်ဇွဲလ်တို့အား 12 V ဘက်ထရီနှစ်လုံး၊ ရှော့ခ်တံနှစ်ခု၊ ပလိုင်းတစ်ခုနှင့် ဆိုင်ကယ်တစ်စီးနှင့်အတူ ကလေးမြို့ လှိုင်သာယာရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်၌လည်းကောင်း၊ မှန်တောကျေးရွာနေ ဦးဗန်ခွန်းအား 12 V ဘက်ထရီတစ်လုံး၊ ရှော့ခ်တံတစ်ခု၊ ပလိုင်းတစ်ခု၊ ရှော့ခ်ကွိုင်တစ်ခုနှင့် လိုင်စင်သက်တမ်းကုန်ဆိုင်ကယ်တစ်စီးနှင့်အတူ ဆည်တောကျေးရွာအနီး နန်းကသဲချောင်း(မဏိပူရမြစ်)အတွင်း၌လည်းကောင်း၊ ရွာစည်ရွာသာကျေးရွာနေ ဦးဝင်းငွေးနှင့် ဦးသိန်းဇော်လင်းတို့အား 12 V ဘက်ထရီတစ်လုံး၊ ရှော့ခ်တံတစ်ခု၊ ပလိုင်းတစ်ခုနှင့် လိုင်စင်သက်တမ်းကုန် ဆိုင်ကယ်တစ်စီးနှင့်အတူ ကလေးမြို့နယ် ဆည်တောကျေးရွာ မြောင်းချောင်းတံတားအနီး၌ လည်းကောင်း၊ ဒိုးနွယ်ကျေးရွာနေ ဦးမြို့ထင်အား 12 V ဘက်ထရီတစ်လုံး၊ ရှော့ခ်တံတစ်ခုနှင့်အတူ ဒိုးနွယ်ကျေးရွာအနီး မြစ်သာမြစ်အတွင်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်း ငါးသယံဇာတများ မပြုန်းတီးရေးနှင့် ငါးလုပ်ငန်း ပိုမိုတိုးတက်လာရေးအတွက် တရားမဝင် ငါးဖမ်းသူများအား တိုးမြှင့်ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**



# အထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသစ်များ တောင်သူပညာပေး ကွင်းသရုပ်ပြ

**ညောင်ဦး ဇွန် ၁၃**

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးပေးနေသော တစ်ဧက ဝါပိဿာ ၁၀၀၀ ကျော် ထွက်ရှိနိုင်သည့် ရွှေတောင်-၈ နှင့် ငွေချည်-၉ အထူးအထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသစ်များနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအကြောင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ညောင်ဦးမြို့ အောက်ညဉ့်ကျေးရွာအုပ်စု သူကောင်းတည်ကျေးရွာရှိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်-၈ တစ်ဧကနှင့် ငွေချည်-၉ တစ်ဧကစိုက်ကွင်း၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် တောင်သူများတက်ရောက်ခဲ့ပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်မန်နေဂျာ ဒေါ်ခင်ဖြူမာက ဝါစိုက်တောင်သူများအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သဘာဝမြေဩဇာ စနစ်တကျသုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်စွာစိုက်ပျိုးကြရေးတို့ကို ပညာပေးဟောပြောခဲ့ပြီး ငွေချည်-၉ နှင့် ရွှေတောင် -၈ ဝါမျိုးသစ်များ၏ ထူးခြားကောင်းမွန်သော အရည်အသွေးများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသခံတောင်သူများက အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရွှေတောင်-၈ နှင့် ငွေချည်-၉ တောင်သူပညာပေးစိုက်ကွင်းကို ကြည့်ရှုလေ့လာကြပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများက တစ်ဧက ဝါပိဿာ ၁၀၀၀နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိုင်းဆတ်၌ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးအပ်

**မိုင်းဆတ် ဇွန် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်၌ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ပေးအပ်သည့် သိမ်းဆည်းလယ်ယာမြေများအား မူလပိုင်ရှင်များထံသို့ စတုတ္ထအကြိမ် ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်က ကျင်းပသည်။

လယ်ယာမြေများ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက သိမ်းဆည်းလယ်ယာမြေများ ပြန်လည်စွန့်လွှတ်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က မြေယာအငြင်းပွားမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက မယ်ဆွမ်တောင်၊ မယ်ဆွမ်မြောက်၊ ကောင်းမှုတန်နှင့် မယ်နင်ကျေးရွာ အုပ်စုများအတွင်းရှိ တောင်သူ ၁၀၁ ဦးထံသို့ တပ်မတော်က ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းလယ်ယာမြေ ၉၆ ဒသမ ၂၈ ဧကကို လွှဲပြောင်းပေးအပ်ခဲ့သည်။ လယ်ယာမြေများ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

**သန်းဇော်(iprd)**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်း၌ ဇွန် ၁၁ ရက်က ကျင်းပစဉ်။ (၁၆၃)**



# မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးစီးပါက မူလတံတားဟောင်းကို ပြန်လည်ပြုပြင်မည်

**မိတ္ထီလာ ဇွန် ၁၃**



မိတ္ထီလာ-ကျောက်ပန်းတောင်းကား လမ်းမပေါ်ရှိ မိတ္ထီလာကန်ကူးတံတားသစ်ကို ဇွန်လအတွင်း တည်ဆောက်ပြီးစီးသွားပါက လက်ရှိတံတားဟောင်း ပေ ၂၀၀ ကို ခေတ္တပိတ်ပြီး ချဉ်းကပ်မြေသားတာပေါင်ကို ဖယ်ရှားကာ အရှည်ပေ ၆၀၀ တံတားသစ်အဖြစ် ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူး အဖွဲ့ (၁၄) မှ သိရသည်။

ယခု တည်ဆောက်နေသည့် မိတ္ထီလာကန်ကူး တံတားသစ်သည် အလျား ပေ ၈၀၀၊ အကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည်သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girder ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ မူလတံတားဟောင်းမှာ အရှည်ပေ ၂၀၀ သံကူကွန်ကရစ် ဖြစ်ပြီး ကျန်ပေ ၆၀၀ အား ချဉ်းကပ် မြေသားတာပေါင်အဖြစ် တည်ဆောက်ထားသည်ကို ဖယ်ထုတ်ကာ တံတားအသစ်တည်ဆောက်မည်ဖြစ်၍ မိတ္ထီလာကန်ကူးတံတားအသစ် နှစ်စင်း အလျား ပေ ၈၀၀၊ ယာဉ်သွားလမ်း အကျယ် ၄၈ ပေ၊ လူသွားလမ်း တစ်ဖက် ခြောက်ပေစီပါဝင်သည့် လေးလမ်းသွားကန် ကူးတံတားသစ်ကြီးကို ၂၀၁၅ ခုနှစ်မကုန်မီ တည်ဆောက်မည်ဖြစ်၍ ဒေသခံပြည်သူများနှင့် ခရီးသွားမော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်း၍ လမ်းခရီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပညာဒါန(ပရဟိတ)အခမဲ့ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်

**မကွေး ဇွန် ၁၃**

မကွေးမြို့ပညာဒါန(ပရဟိတ)အခမဲ့ကျောင်းတွင်နှစ်စဉ်တက္ကသိုလ်ဝင်ကျောင်းသားကျောင်းသူများအားအခမဲ့ ပညာဒါနအဖြစ် သင်ကြားပေးလျက်ရှိသည်။ ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဖြေဆိုသူကျောင်းသား ၁၂၅ ဦးရှိပြီး အောင်မြင်သူ ၁၀၂ ဦးဂုဏ်ထူးရရှိသူ ၁၉ ဦး၊အောင်မြင်မှုရာခိုင်နှုန်းမှာ ၈၀ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။ ငါးဘာသာဂုဏ်ထူး တစ်ဦး၊ လေးဘာသာဂုဏ်ထူး တစ်ဦး၊ သုံးဘာသာဂုဏ်ထူး လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူး နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူး ၁၁ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါပညာဒါန(ပရဟိတ)ကျောင်းသည် နှစ်စဉ်တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအား အခမဲ့စာပေဒါနသင်ကြားပေးလျက်ရှိရာ ခြောက်နှစ်ရှိပြီဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်လည်း ဝင်ခွင့် စာမေးပွဲအောင်မြင်မှုသာ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပဓာနနာယက ဆရာတော် ဦးဇဝနဦးစီးပြီး မကွေးဆေးတက္ကသိုလ်မှ ဆရာဆရာမများ၊ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အင်ဂျင်နီယာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ မကွေး တက္ကသိုလ်မှ ဆရာဆရာမများက ပညာဒါနအဖြစ် အခမဲ့ ကုသိုလ်ပြုသင်ကြားပေးလျက်ရှိကြောင်း၊ ပညာဒါန(ပရဟိတ)ကျောင်းသည် မကွေးမြို့ ဈေးလယ် စိုးရပ်ကွက်လမ်းမတော်လမ်း အထက(ဆားစည့်)ကျောင်းနှင့်တွဲလျက်ရှိပြီး လှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ဆားငန်ရေဝင် လယ်သမားများအား မျိုးစပါးများထောက်ပံ့

**သံတွဲ ဇွန် ၁၃**

ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၄ ခုနှစ်က ဆားငန်ရေဝင်ရောက်ပျက်စီးသော လယ်သမားများနှင့် လုပ်ကွက်ငယ် လယ်သမားများအား မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို တောင်ကုတ်မြို့နယ်ခန်းမ၌ ဇွန်လဒုတိယပတ်က ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆားငန်ရေဝင်ရောက် ပျက်စီးသွားသော လယ်များအတွက် မျိုးစပါးတင်းပေါင်း ၅၀၀၀ ကိုပေးအပ်ရာ သက်ဆိုင်ရာတောင်သူများက လက်ခံ ယူကြသည်။

အဆိုပါအခမ်းအနားသို့ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ကျွန်တောလီ၊ မအီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများတက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**လူကုန်ကူးရန် ကင်းဝေးဖို့ အားလုံးပါဝင်ကူညီစို့**

# ယာဉ်မဆင်မခြင်မောင်းနှင်သူများအား အရေးယူ

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သကြားစက်လမ်းဆုံနှင့် ကျီးအင်းကျေးရွာအနီး ပျဉ်းမနားမြို့ရှောင်လမ်းမကြီးပေါ်၌ ဇွန် ၁၀ ရက်က တာဝန်ရှိအဖွဲ့များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်နေစဉ် လိုက်နာဆောင်ရွက်မှုမရှိသော ၂၂ ဘီး ယာဉ်သုံးစီးကို ဥပဒေအရအရေးယူ ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေရာ၌ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆)ပျဉ်းမနားမှ ဒုတိယရဲမှူး စိုးလွင်နှင့်တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးဆောင်ရွက်နေစဉ် အေလာဘက်မှ ဘောဂသီရိကားဝင်းသို့ မောင်းနှင်လာသော ယာဉ်မောင်း ဇေယျာမင်းထိုက်(၃၄ နှစ်) လှည်းကူးမြို့နယ်၊ ယာဉ်မောင်း တင်မျိုးဝင်း(၄၄ နှစ်) လှည်းကူးမြို့နယ်၊ ယာဉ်မောင်း တင်စိုးဝင်း (၄၂ နှစ်) သုံးဦးတို့ မောင်းနှင်လာသော ၂၂ ဘီးကုန်တင်မော်တော်ယာဉ်သုံးစီးကို တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ အရှိန်ပြင်းစွာ မောင်းနှင်သွားသဖြင့် လမ်းခွဲတွင် ၄င်းကုန်တင်ယာဉ်သုံးစီးကို တားဆီးစစ်ဆေးနိုင်ခဲ့ရာ ယာဉ်မောင်းသုံးဦးနှင့် မော်တော်ယာဉ်သုံးစီးမှာ သတ်မှတ် (ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်) ပြသနိုင်ခြင်းမရှိဘဲ ယာဉ်လိုင်စင်များနှင့် ယာဉ်မောင်းလိုင်စင်များကို ၄င်းတို့ကုမ္ပဏီမှ သိမ်းဆည်းထားခြင်း ဖြစ်သည်ဟု ဆိုသည်။

တာဝန်ရှိသူများ စစ်ဆေးချိန် ယာဉ်ကိုမဆင်မခြင် အရှိန်ပြင်းစွာ မောင်းနှင်ခဲ့သော ယာဉ်မောင်းသုံးဦးကို အရေးယူပေးပါရန် ဒုတိယရဲမှူး စိုးလွင်က တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက ဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-ကောင်းကင်**



**မိဘအမည်မှန်**
ဘားအံမြို့၊ အထက(၁) နဝမတန်းမှ မောင်မင်းခေတ်၏ မိဘအမည်မှန်မှာ ဦးဇော်မိုးသိန်းနှင့်ဒေါ်ကေသီခိုင် ဖြစ်ပါကြောင်း။
ဦးဇော်မိုးသိန်း-ဒေါ်ကေသီခိုင်

**ဖခင်အမည်မှန်**
မြိတ်မြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မမေဇင်သွယ်၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၆/ကသန(နိုင်)၀၄၈၀၄၃ ဖြစ်ပါကြောင်း။
ဦးကြည်စိုး




ဆရာချမ်းဇော်ထက် စီစဉ်တဲ့ June လထုတ် ဆိုင်ပေါ်
EVER ENGLISH ရောက်ပြီတို့
မြန်မာ့ပထမဆုံး CD ပါ 5 Skills မဂ္ဂဇင်း
အသံဖိုင် (Audio)နှင့် ရုပ်သံဖိုင် (Video)(၄၀)ကျော်
ပါရှိသဖြင့် လွယ်ကူထိရောက်စွာ လေ့ကျင့်နိုင်ပါသည်
ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

အောင်ကောင်းစို
2015-2016
အထွေထွေသိစရာ မှတ်စရာ
ဗဟုသုတမှတ်စု
ဝင်ခွင့်စာမေးပွဲ
ဖြေဆိုသူတိုင်းအတွက်
(မဟာဘွဲ့ရတစ်ဦး)
နဝမအကြိမ်ထပ်မံဖြည့်စွက်သည်
ပြည်လုံးကျွတ်ဖြန့်ချိရေး - ဇေကရီစံစာပေ၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။



နိုင်ငံတော် သံဃမဟာနာယက အဖွဲ့မှ ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ပထမပတ က တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် (၆) ဝိုင်းရှိ မြတ်ရတနာ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၌ ကျင်းပရာ မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရနှင့် ဆရာတော်များ တက်ရောက်ကြစဉ်။

တင်လှ

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံတွဲ ဇွန် ၁၃**

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို သံတွဲခရိုင် သစ်တောဦးစီးဌာန ကိုယ်စားပြုအနေဖြင့် ဇွန်လ ပထမပတ်က တောင်ကုတ်မြို့ မြန်မာ့သစ်လုပ်ငန်း အမှတ် (၉၉) ပြည်တွင်းရောင်း စက်ခြံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကုတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်ဒေသခံ ပြည်သူများ စုစုပေါင်း ၁၅၀ ခန့်က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ရေသင်းဝင်၊ မဲဇလီ၊ ပျဉ်းမ၊ ပုန်းညက်နှင့်စိန်ပန်းပင်စုစုပေါင်း ၅၅၀ ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နားမကြားသောကလေးများကျောင်း(ရန်ကုန်) နှစ်ပတ်လည်ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်း (ရန်ကုန်)၏ ပထမအကြိမ်နှစ်ပတ်လည် အခမ်းအနားကို ဇွန် ၉ ရက် နံနက်က တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက်ရှိ ကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဦးစီးအရာရှိ ဦးခင်မောင်ငြိမ်းက အမှာစကား ပြောကြားပြီး ကျောင်းအုပ် ဦးမောင်မောင်က ကျောင်း၏ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသွားသည်။ ထို့နောက် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်း အမှတ် ပန်းချီပြိုင်ပွဲဆုရ ကလေးများအား ဦးစီးအရာရှိနှင့်ကျောင်းအုပ်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# ပျဉ်းမနား၌ ဓာတ်အားထပ်မံ တိုးမြှင့်ဖြန့်ဖြူးပေး

**ပျဉ်းမနား ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားသုံးစွဲသူ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် 11 KV ထရန်စဖော်မာ ၁၃ လုံးတို့ကို ထပ်မံတိုးချဲ့ တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



# ရေစကြိုမြို့နယ်တွင် နွေစပါးများ စတင်ရိတ်သိမ်း

**ရေစကြို ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ယခုအခါ နွေစပါးများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

"ရွှေချောင်းလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာမှာ စိုက်ပျိုးထားတဲ့ နွေစပါးတွေ စတင်ရိတ်သိမ်းနေကြပါပြီ။ ရွှေချောင်းလျှပ်စစ်မြစ်ရေတင်ဧရိယာမှာ ရွှေချောင်းကွင်း၊ ကျောမကြားကွင်း ၊ ညောင်စောက်ကွင်းတွေပါဝင်ပါတယ်။ စိုက်ဧက ၃၆၀ ဖြစ်ပါတယ်။ ဒီနှစ်စပါးအထွက်နှုန်းခန့်မှန်းဆိုရင် တစ်ဧကတင်း ၁၈၀၊ ၂၀၀တော့ ထွက်မှာပါ။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးသန့်တွေဖြန့်ပေးတယ်။ သိပ္ပံနည်းကျ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ကွင်းဝန်ထမ်းတွေက လက်တွေ့ပြသပေးတယ်" ဟု တောင်သူ ဦးသန်းစိုးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# တရားမဝင်တင်ဆောင်ထားသော ပိတောက်သစ်လုံးများ ဖမ်းဆီးရမိ

**မဘိမ်း ဇွန် ၁၃**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် မလှိုင်ကုန်း ဘိနယ်အတွင်း တရားမဝင် ပိတောက်သစ်လုံးများ တင် ဆောင်ထားသော သရီးကရောင်းယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မဘိမ်းသစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သိန်းဝင်း ဦးဆောင်သော သစ်တော ဝန်ထမ်းအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲက မလှိုင်ကုန်းဘိနယ်အတွင်း သစ်အမှုရှာဖွေစစ်ဆေးစဉ် ဒေသအခေါ် တင်းဝါးချောင်းနေရာတွင် တရားမဝင် ပိတောက်သစ်လုံး ၁၂ လုံး ၊၄ ဒသမ ၅၈၄ တန် တင်ဆောင်ထားသော သရီးကရောင်း (ခေါင်းပြာ)တစ်စီးနှင့် တရားမဝင် ပိတောက်သစ်လုံး ၁၀ လုံး ၃ ဒသမ ၉၃၄ တန် တင်ဆောင်ထားသော သရီးကရောင်း (ခေါင်းစိမ်း) တစ်စီးတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး**
**မှန်မှန်ကန်ကန် အခွန်ပေး**



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရဲတန်းလမ်း၊ မောင်ငံရပ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မော်လမြိုင်)၊ မြေဧရိယာ ၂ ဒသမ ၄၁ ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း 1 Lot ကိုမြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မော်လမြိုင်) ဖုန်း-၀၅၇-၂၇၀၅၃၊ ၀၅၇-၂၁၆၂၂၊၀၉-၄၂၅၂၈၄၇၂၉၊ ၀၉-၈၃၀၂၅၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ မြေဧရိယာ ၂ ဒသမ ၀၀ ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း 1 Lot ကိုမြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၂-၅၉၀၂၄၊ ၀၉-၂၅၀၀၆၇၃၈၉၊ ၀၉-၉၇၄၄၆၈၈၁၇၊ ၀၉-၈၃၀၂၅၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ သင်ကြားရေးအထောက်အကူပြု လက်တွေ့ခတ်ခွဲခန်းသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Specification, Catalogue တင်သွင်းနိုင်မည့် ကာလတို့နှင့်အတူ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၇-၂၀၁၅ ရက်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် ဖုန်း-၀၆၄-၂၀၃၅၂၃၊ ၂၀၃၅၄၄ တို့တွင်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးရုံးချုပ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး (DDP ရန်ကုန်၊ အလုံစတို)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) ရုံးသုံးစက်ကိရိယာများ
(ခ) အခြားရုံးသုံးစက်ကိရိယာများ
(ဂ) ရုံးသုံးယာဉ်များ
(ဃ) နည်းဥပဒေစာအုပ်များ(ပုံနှိပ်ရန်)

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၁၅-၆-၂၀၁၅ရက်မှ၁၉-၆-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၃-၇-၂၀၁၅ ရက် ရုံးချိန်အတွင်း ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ
၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၇-၂၀၁၅ ရက် ၉း၃၀နာရီမှ ၁၀း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ် ၅၁၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးစက်ကိရိယာ၊ အခြားရုံးသုံးပစ္စည်းနှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့်ရုံးသုံးစက်ကိရိယာ အခြားရုံးသုံးပစ္စည်းနှင့်ပရိဘောဂများ ပစ္စည်းစာရင်းအသေးစိတ်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရုံးအမှတ်၂၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၀၄၇၊ ၀၆၇-၄၀၄၂၄၃ တို့သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွား ပါမည်-
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၅ ရက်မှ ၂၅-၆-၂၀၁၅ ရက်အထိ
**အချိန်** - ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါသွင်းရမည့်ရက်** - ၂၂-၆-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ဂ) **တင်ဒါရောင်းချ/တင်ဒါသွင်းရမည့်နေရာ** - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်၂၃၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်** -၃၀-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀နာရီ

**တင်ဒါခေါ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါရက် ရွှေ့ပြောင်းခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများ၊ Guard Rall တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောလမ်းလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ဖွင့်လှစ်မည့် ၁၂-၆-၂၀၁၅ရက်အစား အောက်ဖော်ပြပါ နေ့ရက်တို့တွင် ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်စုံစမ်းဝယ်ယူနိုင်ပါသည်။
(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၇-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၁၈-၆-၂၀၁၅ရက်၊ ၁၀း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သတ္တုတွင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-
(က) မော်တော်ယာဉ် တာယာနှင့်ဘက်ထရီ
(ခ) မော်တော်ယာဉ်စက်ဆီ၊ ချောဆီ၊
(ဂ) Electronic & Accessories

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)**
**ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အေးရိပ်ငြိမ်သုသာန်တွင် မီးသင်္ဂြိုဟ်စက်အသစ် ၁ လုံး ဝယ်ယူရန် မန္တလေးနေ့စဉ်သတင်းစာတွင် ၂၁-၅-၂၀၁၅ ရက်မှ ၂၅-၅-၂၀၁၅ ရက်ထိ ကြေညာပြီး လျှောက်လွှာများကို ၂၅-၅-၂၀၁၅ ရက်မှစ၍ ရောင်းချပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၁)ပါ မီးသင်္ဂြိုဟ်စက်အသစ် ၁ လုံး တင်သွင်းလိုသူများသည် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သန့်ရှင်းရေးဌာန၊ နန်းရှေ့ဈေးအပေါ်ထပ်သို့ လာရောက်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-
(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်/အချိန်** - ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့) ၁၄း၀၀နာရီ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - သန့်ရှင်းရေးဌာန၊ နန်းရှေ့ဈေးအပေါ်ထပ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း သန့်ရှင်းရေးဌာန(နန်းရှေ့ဈေးအပေါ်ထပ်)တွင် ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။ ဖုန်း-၀၂-၇၂၀၀၃

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့တွင်အသုံးပြုရန် အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) Hyundai Super Aero City Bus, 46 Seaters, 2014 Model, (၅) စီး Left Hand Drive (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)
(ခ) Hyundai County Bus, 29 Seaters, 2014 Model, (၂၀) စီး Left Hand Drive (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)
(ဂ) Toyota Fielder (2009 Model) (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)(၁) စီး

၂။ **တင်ဒါပုံစံ၊ စည်းကမ်းဝယ်ယူရမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်၊အချိန်** - ၁၆-၇-၂၀၁၅ ရက် ၁၃း၀၀ နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၁၂)၊အစည်းအဝေးခန်းမ၊ နေပြည်တော်
၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ရုံးအမှတ် (၃၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၁၆၇၊၀၆၇-၄၀၆၂၆၉၊ ၀၆၇-၄၀၆၃၂၃၊၀၆၇-၄၀၆၀၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပိုးလောက်လန်းသတ်ဆေး (Abate)ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၇-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) စက္ကူကုန်ကြမ်း(ဝကြီး) ၆၈၃၀၆ ပိဿာ
**အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၁-၆-၂၀၁၅ရက်မှ ၁၉-၆-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ**- သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သောအသေးစိတ်အချက်အလက်များကို စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ) ဖုန်း-၀၁-၆၀၀၀၄၂၊ ၀၁-၆၀၀၀၄၆တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အောက်ပါစက်ရုံများမှ အသုံးမလိုပိုလျှံပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံများသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၁။ | အမှတ် (၂၂)အကြီးစားစက်ရုံ(ဘီးလင်း) | ရေဒီယယ်တာယာများ |
| ၂။ | အမှတ် (၂၃)အကြီးစားစက်ရုံ(ညောင်ခြေထောက်) | စက်ပစ္စည်းများ |
| ၃။ | အမှတ် (၂၄)အကြီးစားစက်ရုံ(ဒဂုံ) | ကုန်ကြမ်း/ကုန်ချောများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ စက်ဆီ/ချောဆီများ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၅ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်ရက်** - ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ
**တင်ဒါဖွင့်ရက်** - ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီ
**တင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၃၇၂

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မဟာဓာတ်အားလိုင်းမှူး ရုံး (တောင်ငူ)ရှိ ဘက်ထရီအိုး အဟောင်းအပျက်များ၊ လေအိုးအဟောင်းအပျက်များ၊ ကြွေသီး အဟောင်းအပျက်များ၊ မိုးရေချက်စက်၊ Circuit Breaker အဟောင်းအပျက်များ၊ Capacitor အဟောင်းအပျက်များနှင့် Gas အိုးအခွံ (ဆိုဒ်စုံ)အဟောင်းအပျက်များ စုစုပေါင်း (၁၂)မျိုး (1 Lot)အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် (မြန်မာကျပ်ငွေ)ဖြင့် ရောင်းချလိုပါသည်-

၂။ **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၅ ရက်
၃။ **လေလံပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်
၄။ **လေလံပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ
၅။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ဒုတိယ(၄)လ (၂၀၁၅ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၅ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၆-၆-၂၀၁၅ ၊ ၁၆း၀၀နာရီ
**Company Profile နှင့် Tender Security နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန်** - ၂၆-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ယန္တရားများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁ | Mobile Asphait Plant (30-50 TPH) | 3Nos | Europe | CIF(Yangon) |
| ၂ | Asphalt Paver (16 Tons) | 3 Nos | Europe | CIF (Yangon) |
| ၃ | Tyre Roller (16 Tons) | 3 Nos | Europe | CIF(Yangon) |
| ၄ | Two Wheel Road Roller (10 Tons) | 3 Nos | Europe | CIF(Yangon) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၁၆-၆-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၃၀-၆-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** -၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း
## တန်ဖိုးမျှတအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာ၌ တန်ဖိုးမျှတအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Venture)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေဧရိယာ ၁၁ ဒသမ ၀၀ ဧကခန့်
(တန်ဖိုးမျှတအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)

၂။ အဆိုပါစီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့်အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ(Instruction Tenderers)တွင် ဖော်ပြထားမည်ဖြစ်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာ ဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းနိုင်ရန်နှင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာသိရှိလိုသောအချက်များကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ယနေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါတစ်စုံလျှင် မြန်မာငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက် ၁၄း၀၀နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တန်ဖိုးမျှအိမ်ရာစီမံကိန်း၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအား အာမခံအဖြစ် ကျပ် ၅၀၀၀၀၀၀၀ (ကျပ်သိန်းငါးရာတိတိ) Payment Order(PO) ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## MCGC ရုံးချုပ်မှ
## အဆင့်မြင့်လူနေဆိုင်ခန်းအိတ်ဖွင့်တင်ဒါစနစ်ဖြင့်လေလံတင်ရောင်းချခြင်း

၁။ MCGC မှ ဆောက်လုပ်ထားသော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃)ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ အမှတ် (၅၀၆) ဗိုလ်လင်းယုန်ဈေးမျက်နှာစာရှိ ရေ၊ မီး အစုံအလင် ပါသော အဆင့်မြင့်လူနေဆိုင်ခန်း (၄)ခန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်။

ဆိုင်ခန်းတစ်ခန်းချင်းအကျယ်နှင့်အထပ် - ၉'-၀"×၃၆'-၀"(၂)ထပ်
အမျိုးအစား - Steel structure အုတ်ညှပ်တိုက်
ပိုင်ဆိုင်မှု - ရာသက်ပန်

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၆-၂၀၁၅ ရက် မွန်းတည့် ၁၂ နာရီတိတိ
တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန် - ၂၀-၆-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီတိတိ
တင်ဒါရွေးချယ်မည့်နေရာ - MCGC ရုံးချုပ်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်စည်းကမ်းချက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**MCGC ရုံးချုပ်**
**အမှတ် (၂) ရန်ကုန်-အင်းစိန်လမ်း (သမိုင်းလမ်းဆုံ)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၅၀၁၄၉၊၀၁-၆၆၀၆၈၉၊၀၉-၅၁၅၈၆၂၃၊၀၉-၄၂၀၂၃၃၀၃**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အလက(လုံးစန့်) ပဥ္စမတန်းမှ မပွင့်ဖူးကျော်၏ ဖခင်အမည်မှန်မှာ ၁/မညန(နိုင်)၀၉၀၈၅၂အရ ဦးကျော်ဝင်းဦး ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းဦး**

## အမည်မှန်နှင့်အမည်ပြောင်း

မိုးကောင်းမြို့နယ်၊ ပျော်လင့်ကျေးရွာနေ ဦးဇပ်ခုန်ဇော်တောင်၏ အမည်မှန်မှာ ဦးရှန်ခေါင်တန်ဂွန်းဖြစ်ပြီး ၎င်း၏သားသမီးများဖြစ်သော မောင်ဇပ်ခုန်ဇော်ဆမ်အား ရှန်ခေါင်ဇော်ဆမ်(ခ) ဇော်ဆမ်ဟု လည်းကောင်း၊ မောင်ဇပ်ခုန်ဒွဲအောင်အား ရှန်ခေါင်ဒွဲအောင်(ခ)ဒွဲအောင်ဟု လည်းကောင်း၊ မောင်ဇပ်ခုန်ဆွတ်ရိန်အား ရှန်ခေါင်ဆွတ်ရိန်(ခ)ဆွတ်ရိန်ဟုလည်းကောင်း၊ မဇပ်ခုန်ဆိုင်းလူအား ရှန်ခေါင်ဆိုင်းလူ(ခ) မဆိုင်းလူဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မအားရှန်း ၁/ဝမန(ပြု)၀၀၀၄၂၈၏ ပတ်စ်ပို့ NO. မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၂၈၆၅၉**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
### ဒက္ခိဏခရိုင်တရားရုံးတော်၌
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၈ နှင့်ဆက်သွယ်သည့်
### ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

ဦးမောင်မောင်ညွှန့် **နှင့်** ၁။ ဒေါ်ဝင်းမေ
၂။ ဒေါ်မြလှိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်နေ ဒေါ်ဝင်းမေနှင့် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်၊ ပေါင်းလောင်း (၃)ရပ်နေ ဒေါ်မြလှိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမောင်မောင်ညွှန့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၂၉ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## Open Tender ခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ဆေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ၊ မဂ္ဂဇင်း၊ ဂျာနယ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ Open Tender ခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ Open Tender ပုံစံများကို ၁၅-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် လာရောက်ရယူနိုင်ပြီး ၁၀-၇-၂၀၁၅ ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂-၅၈၀၃၇၊ ၀၉-၆၅၀၀၃၈၄ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## မိခင်အမည်မှန်ကန်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်စိုးစိုးလင်းအား (ဘ) ဦးရာကွတ်နှင့် (မိ) ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်ဇတီးနန်တို့မှ မွေးဖွားခဲ့သော သမီးတစ်ဦးဖြစ်ပါသည်။

ကျွန်မမွေးဖွားစဉ်က မွေးစာရင်းတွင် ကျွန်မ၏မိခင်အမည်ကို မမြင့်မြင့်သန်းဟုလည်းကောင်း၊ ကျွန်မ မိခင်ကိုင်ဆောင်သည့် မှတ်ပုံတင်တွင် မဇတီးနန်ဟုလည်းကောင်း ဖော်ပြခဲ့ပါသည်။

ထို့ကြောင့် မွေးစာရင်းတွင်ဖော်ပြပါရှိသော မမြင့်မြင့်သန်းနှင့် မှတ်ပုံတင်တွင်ပါရှိသော မဇတီးနန် အမည်နှစ်မျိုးမှာ ကျွန်မမိခင်တစ်ဦးတည်း၏ အမည်မှန်ကန်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စိုးစိုးလင်း

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်
## ခန့်အပ်ထားရန်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်(၃၃)

ဦးအောင်နိုင် **လျှောက်ထားသူ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်၊ အကွက် (မ-၇၁/၁)၊ ဦးပိုင်အမှတ် ၆+၂၇နေ အရွယ်မရောက်သေးသူ မောင်ဆိုင်းဆွတ်အောင်နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်၊ အကွက်(မ-၇၁/၁)၊ ဦးပိုင်အမှတ် ၆+၂၇နေ ဦးအောင်နိုင် ၁/မကတ(နိုင်)၀၅၂၃၈၁က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ဆိုင်းဆွတ်အောင်၏ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်း၏ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁ ရက်)တွင် ဆိုင်ဆိုရက် ချိန်းဆိုသည်။

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၉

ဦးကိုကိုထွေး **နှင့်** ၁။ ဒေါ်မြင့်ကြည်
၂။ ဒေါ်ခင်မြ

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဒေါ်ခင်မြ အကွက် (ခ/၁၇)၊ နဂါးကွက်သစ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးကိုကိုထွေးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၅၈အရ ပညတ်မိန့်ဝရမ်းခွာပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက် (၁၃၇၇ ခုနှစ် နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## အမည်မှန်

ပင်လုံမြို့၊ အထက (၂)၊ အဋ္ဌမတန်းမှ စိုင်းအောင်ထွန်းမြတ်၏ အမည်မှန်မှာ မောင်ဇော်ထက်မျိုး ၁၃/ပလတ(နိုင်)၀၂၁၄၇၂ဖြစ်ပါကြောင်း။

**မောင်ဇော်ထက်မျိုး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁)၊ နဝမတန်း (F) မှ နန်းသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထွေး၁၃/တကန(နိုင်)၁၇၂၃၈၅ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထွေး**

## ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက (၁)၊ နဝမတန်း (G)မှ မအိအိငြိမ်း၏ဖခင်အမည်မှန်မှာ ဦးမြသွင် ၁၃/တကန(နိုင်)၂၄၆၇၈၃ဖြစ်ပါကြောင်း။

**ဦးမြသွင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့သာ (မူလွန်)သတ္တမတန်းမှ မောင်အောင်ဇေယျာဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေ၅/ကလထ(နိုင်)၂၁၇၀၀၉ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆွေ ၅/ကလထ(နိုင်)၂၁၇၀၀၉**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက (၁)အဋ္ဌမတန်း (D)မှ မနှင်းထက်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထူး ၅/ကလထ(နိုင်)၁၉၀၅၈၇ဖြစ်ပါကြောင်း။

**ဦးမောင်ထူး ၅/ကလထ(နိုင်)၁၉၀၅၈၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက(၁) အဋ္ဌမတန်း(D) မှ မမေဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၅/ကလထ(နိုင်)၀၀၈၉၆၅ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း ၅/ကလထ(နိုင်)၀၀၈၉၆၅**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက(ခွဲ)၊ အလက (၂) အဋ္ဌမတန်းမှ မောင်ဝေယံစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်ဦး ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်ဦး**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မြို့သစ် အထက တက္ကသိုလ်ဝင်တန်းမှ မခင်လေးဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၁/မမန(နိုင်)၀၃၃၁၂၆ ဖြစ်ပါသည်။ **ဦးအောင်မင်းဦး**

## အမည်ပြောင်း

ထားဝယ်မြို့၊ ကညံ့ရပ် အာဇာနည်လမ်းနေ ဦးတင်မောင်ထွန်း- ဒေါ်ဂင်ဆွေ၏ သမီး ထားဝယ် အထက (၁)တက္ကသိုလ်ဝင်တန်း(A) မှ မခြူးခြူးသော်တာထွန်း (နှစ်ထပ်ကွမ်းဘက်စုံထူးချွန်ကျောင်းသူ)အား မခြူးဆက်စံသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခြူးဆက်စံသာ**

## ဖခင်အမည်မှန်

အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာ ရွှေပန်းတော အခြေခံပညာအထက်တန်းကျောင်းပထမတန်းမှ မောင်ရဲရင့်နောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိုး ဖြစ်ပါသည်။

**ဦးမောင်မောင်စိုး ၈/မထန(နိုင်)၀၂၅၄၆၂**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း (က) နေ မောင်ဟိန်းဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း၉/မလန(နိုင်) ၀၉၇၀၃၆ ဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း ၉/မလန(နိုင်)၀၉၇၀၃၆**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ မန့်ဝိန်း(အလက)နေ မောင်ဆန်းထွန်းနှင့် မောင်သက်ထွန်း အဋ္ဌမတန်း(အောင်)တို့၏ ဖခင်အမည်မှန်မှာ ဦးရန်ကွယ်စိန် ၁၃/ကခန(နိုင်)၀၃၂၂၂၃ ဖြစ်ပါကြောင်း။ **ဦးရန်ကွယ်စိန်**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1035၏ ဖောင်းကြွပျောက်နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်မွေးနေ့ဆုမွန်လွှာ

ဖေဖေ ဦးတင်ဝေ (ညွှန်ကြားရေးမှူး-ဟိုတယ်/ခရီး)- မေမေ ဒေါ်မိုးမိုးဟန် တို့၏ သားလတ် **မောင်ထူးမြတ်နိုင်** ဆမက-၈၄၃ (မဟာမြကျွန်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း)သည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် ဘာသာစုံဂုဏ်ထူးရရှိပြီး သင်္ချာရမှတ် **(၁၀၀)**ပြည့်ဖြင့် စုစုပေါင်း **(၅၄၂)**မှတ် ရရှိကာ ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ၁၄-၆-၂၀၁၅ ရက်တွင်ကျရောက်သည့် (၁၆)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ထူးချွန်းထက်မြက်သည့် နိုင်ငံ့သားကောင်းရတနာတစ်ဦးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဖေဖေ၊ မေမေနှင့်ကြီးကြီး၊ ဘကြီး၊ ဦးဦး၊ ဒေါ်ဒေါ်၊**
**ကိုကို၊ မမ၊ ညီ၊ ညီမများနှင့် ဆွေမျိုးသားချင်းများ**
**ကျုံပျော်မြို့၊ ပေါင်မြို့နယ်**

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့
## ရွှေမှိုက်ထုတ်လုပ်ငန်းဆောင်ရွက်ရန် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခြင်း

၁။ ရွှေတိဂုံစေတီတော် ပစ္စယာနှင့် ရစ်မြောင့်ဧရိယာများကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရွှေသင်္ကန်းတော် ကပ်လှူခဲ့ပြီးရရှိသော ရွှေချွတ်မှိုက်/ချမှိုက်များအား ဂေါပကအဖွဲ့၏ စောင့်ကြည့်ကြီးကြပ်မှုဖြင့် ရွှေမှိုက်ထုတ်ခြင်း(ရွှေစင်ရွှေသားပြန်လည်ထုတ်ခြင်း) လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ အထက်ပါ ရွှေမှိုက်ထုတ်လုပ်ငန်း ဆောင်ရွက်လိုသူများသည် ၁၅-၆-၂၀၁၅ ရက်မှ ၁၉-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရွှေနှင့်ရတနာဌာန၌ အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူပြီး လုပ်ငန်းအတွေ့အကြုံအထောက်အထားများကို ၂၉-၆-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီတွင် ပထမဦးစွာ တင်သွင်းရပါမည်။
၃။ လုပ်ငန်းဆောင်ရွက်သူက ရရှိသည့်ရွှေစင်ရွှေသား တစ်ပိဿာလျှင် လုပ်အားခ မည်မျှရလိုသည်ကို အဆိုပြုလွှာနှင့်အတူ လုပ်ငန်းအာမခံငွေကို ၁-၇-၂၀၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ရွှေမှိုက်ထုတ်လုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား ဂေါပကအဖွဲ့မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။
၄။ ၁-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁:၀၀ နာရီတွင် ဈေးနှုန်းအဆိုပြုလွှာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၉-၃၈၃၅၀၃၊ ၀၉-၇၃၂၄၄၁၄၇

**ဂေါပကအဖွဲ့**

## ကွန်ပျူတာစက်ပန်းထိုးလုပ်ငန်းအတွက် ဝန်ထမ်းအလိုရှိသည်

ကျွမ်းကျင် ၅ ဦး၊ အလုပ်သင်နှင့် အကူ ၁၀ ဦး
**ဖုန်း-၀၉-၄၃၀၆၆၃၉၃၊ ၀၉-၇၃၂၄၄၃၉၃**
**အခန်း ၈၀၁၊ tosta plaza လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်း**

## မြေထိုးစက် ရောင်း၊ လဲ၊ ငှား

KOMATSU - D-6 - သိန်း ၂၃၀
D-4 - သိန်း ၁၃၀
(တစ်ဂျူတီ-၁၃၀၀၀၀/-ကျပ်၊ ၁၀၀၀၀၀/-ကျပ်)
**ဖုန်း-၀၉-၈၇၈၉၉၆၀၁၀**

## အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဒေါဖျာကျေးရွာအုပ်စု၊ ကော့ကမာကျေးရွာနေ ဦးကျော်ညွှန့် ၃/ကကရ(နိုင်)၀၇၆၆၈၈ ၏သား ကျောင်းဝင်အမှတ် ၀၀၈၂ အရ စောကိုကိုဦး ၃/ကကရ(နိုင်)၁၇၇၁၃၂ ဖြစ်ပါကြောင်း။

## အမြန်ရောင်းမည်

အလှပြင်ဆိုင်နှင့် SPA ဆိုင်သုံးပစ္စည်းများအထူးလျှော့ဈေးဖြင့် အမြန်ရောင်းလိုပါသည်။ ဆိုင်သစ်ဖွင့်မည့်သူများအတွက် အထူးသင့်လျော်ပါသည်။
**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၅၁၇၃၄၉၄၊ ၀၉-၅၀၁၅၅၀၆**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ ရက် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ သုံးနှစ်ဆက်

**"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်ပထမဆု)ကို

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

(နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေး အသင်းအဖွဲ့ဆု)ကို

**"ကမ္ဘောဇအုပ်စုအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"**အားလည်းကောင်း

ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**မြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့**
**လားရှိုးမြို့**

## ဒေါ်သဥ္ဇာထွန်း
## (DTZH Education Center)

| | |
|---|---|
| **LCCI 1+2** (Ks 35000) | sat - 1:00 - 4:00 pm (13-6-15) စ<br>Sun - 3:30 - 6:30 pm (14-5-15) စ<br>Tues/wed - 7:00 - 8:30 am (16-6-15) စ<br>Thurs/Fri - 6:30 - 8:00 pm (18-6-15) စ |
| **LCCI - 3** တစ်ဘာသာလျှင် Ks 35000 | Sun - 7:00 - 3:30 (5 Subj) (14-6-15) စ<br>+<br>Mon - 6:30 - 8:00 |
| Job Training | Tues - 6:30 - 8:00 pm (16-6-15) စ Ks 10000 |
| Excel (Accountant) | Thurs - 7:00 - 8:20 am (18-6-15) စ Ks 35000<br>(အချိန်ညှိနိုင်း) |
| Ph/လိပ်စာ | 09-5051612, 01-209396, 09-261620963<br>တာမွေဈေးမှတ်တိုင် နီလာဒံပေါက်အပေါ် ခြောက်လွှာ |

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၉/ပြည်လုံးနိုင်)၊ ဦးပိုင်အမှတ် ၉၇၊ ဧရိယာ ၀ ဒသမ ၀၅၂ဧကရှိ မြို့မြေအမှုတွဲအမှတ် ၂၂၇/၁၉၃၆-၃၇ဖြင့် ၂၂-၁၂-၁၉၅၆ ရက်အထိ နှစ် ၂၀ ဂရန် ဒေါ်စံမြေ အမည်ပေါက်မြေကွက်အား အမွေဆက်အမွေခံပိုင်ဆိုင်သူများဖြစ်သော ဦးအောင်သိန်း ပါ(၈)ဦးထံမှ မြေကွက်အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်ဆွေ ၉/ကဆန(နိုင်)၀၅၇၇၀၅ မှ ၎င်းအမည်ဖြင့်အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာရာ ဒေါ်စံမေ အမည်ပေါက် ဂရန်စာချုပ်မှာ ပျောက်ဆုံးနေသဖြင့် ကန့်ကွက်လိုသူရှိပါက အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ**
**၉/ကဆန(နိုင်)၀၅၇၇၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၁) သီရိမဟာ(တိုးချဲ့)ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၅၂၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၉၆-၅/၁၉၉၁- ၉၂(စီ)အရ ကျွန်တော် ဗိုလ်ကြီးခင်မောင်အေး အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေဖြစ်ပြီး မြေဂရန်မူရင်းအမှုတွဲသည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မိတ္တူပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးခင်မောင်အေး အယ်ပီအေ-၁၄၇၂၁၄၊ ဖုန်း-၀၉-၇၃၀၉၃၇၄၃**

## လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နမ့်ခိုက်တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ် ၄၃၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေနှင့်ပတ်သက်၍
## အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးထွန်းထွန်းဦး ၅/မမတ(နိုင်)၀၆၄၃၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နမ့်ခိုက်တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ် ၄၃၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စိုးစိုး ၉/မရမ(နိုင်)၀၅၅၆၈၇ က မြေဂရန်အမည်ပေါက် ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးထွန်းထွန်းဦးမှာ ဒေါ်စိုးစိုးထံမှ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ပေါ်၌ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းထွန်းဦး လက်ရှိနေထိုင်လျက်ရှိပြီး စာရွက်စာတမ်းအထောက်အထားမခိုင်လုံဘဲ လာရောက်ကျူးကျော်ရန်စခြိမ်းခြောက်၍ နစ်နာစေရန် ဆောင်ရွက်ခြင်းများမပြုလုပ်ကြပါရန် မိတ်ဆွေကောင်းပီသစွာဖြင့် စေတနာရှေ့ထား၍ သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ စေတနာဖြင့် သတိပေးတားမြစ်ထားပါလျက် ကျွန်ုပ်မိတ်ဆွေအပေါ် ဥပဒေနှင့် မညီဘဲ နစ်နာစေရန် တစ်စုံတစ်ရာဆောင်ရွက်ခဲ့ပါက မလွှဲမရှောင်သာတော့ဘဲ တရားစွဲဆိုမည်ဖြစ်ပါကြောင်း မေတ္တာရှေ့ထား၍ အများသိစေရန် အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မင်းထွန်း**
**တရားလွှတ်တော်ရှေ့နေ LL.B**
**WIPO(Switzerland)**
**စဉ်-၈၃၈၅/၂၀၁၂**
**အမှတ် ၁၃၂၊ နယ်မြေ(၂/ခ)၊ ရပ်ကွက်(၁၁)၊**
**နမ္မတူလမ်း၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၆၀၇၅၊ ၀၉-၅၂၆၃၄၂၄**

## တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်မြို့နယ်၊ အလက (၁)မှ မနော်ဖောဂတ်မီနော့၏ ဖခင်အမည်မှာ ဦးစောကညော နှင့် ဦးကြယ်တံခွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော အဋ္ဌမတန်း (S)မှ မပပဖြိုး၏ ဖခင်အမည်မှန်မှာ ဦးပုံပုံ (အစား) ဦးဇင်မင်းထွန်း ဖြစ်ပါကြောင်း။ **ဖခင် ဦးဇင်မင်းထွန်း**
**၁၄/ငပတ(နိုင်)၁၉၅၄၄၁**

## ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ NE YE'AGRICULTURAL & MINING CO.,LTD.၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း- ၂၁၉၆/၁၀-၁၁(၁-၂-၂၀၁၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၅၁၈၉၃၈၁**

## ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ MYAY CHAN THAR GENERAL SERVICES CO.,LTD. ၏ ကုမ္ပဏီ မှတ်ပုံတင်ကတ်မူရင်း- ၁၂၂၆/ ၁၂-၁၃ (၂၈-၆-၂၀၁၂)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၂၄၀၂၁၀၀**

## ၇-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဦးမောင်မောင်စိန်၏ ကြော်ငြာချက်အပေါ် ကန့်ကွက်ကြေညာချက်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)နေ ဦးစိုင်းတင်ခေး ၉/ပကခ(နိုင်) ၀၀၈၄၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြေညာပါသည်။

လူကြီးမင်းကြေညာခဲ့သော ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ ကွင်းအမှတ် ၆၈၁(ဃ)ကွင်းအမည် ရေငယ်ရှေ့၊ ဦးပိုင်အမှတ် (N /၃၀)၊ မြေဧရိယာ ၀ ဒသမ ၂၂ဧက သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုင်းတင်ခေးမှ မနောသုခ အိမ်ခြံမြေအထွေထွေအကျိုးဆောင်လုပ်ငန်းပိုင်ရှင် ဒေါ်ခင်ဝင်းတင့်ထံက ခြံမြေအဆုံးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီး မြေကွက်ပိုင်ဆိုင်မှုအထောက်အထားပြ စာရွက်စာတမ်းများနှင့်တကွ မြေကွက်ကိုပါ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူကြီးမင်းကြေညာချက်၌ ဖော်ပြခဲ့သော မြေကွက်၏ အကျယ်အဝန်းများသည် လွဲမှားနေကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကွက်အား အဆုံးပိုင်ဝယ်ယူပြီးဖြစ်သဖြင့် လူကြီးမင်း၏ ကြေညာချက်သည် မှားယွင်းနေပါကြောင်း လူကြီးမင်းနှင့် ဒေါ်ခင်ဝင်းတင့်တို့ ပြုလုပ်ဆောင်ရွက်ခဲ့သော ကိစ္စများနှင့်ပတ်သက်၍ လူကြီးမင်းတို့ နှစ်ဦးနှစ်ဖက်သာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေမှ ယနေ့အချိန်ထိ အဆိုပါမြေပေါ်တွင် လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း၊ အခြားသူသို့ တစ်ဆင့်ပြန်လည်ရောင်းချထားခြင်း မရှိပါကြောင်း၊ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဆိုပါကလည်း ရင်ဆိုင်ဖြေရှင်းရန်အသင့်ရှိပါကြောင်း ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇေယျာ (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၄၀၂၉၀**
**ဖုန်း-၀၉-၇၉၇၆၁၃၇၁၀၊ ၀၉-၃၃၁၄၃၁၃၀**

# ကျန်ရှိသည့်ပြိုင်ပွဲများတွင် ဆက်လက်အနိုင်ရရေး အစွမ်းကုန်ကြိုးပမ်းကြပါရန် နိုင်ငံတော်သမ္မတကြီးက တိုက်တွန်းအားပေး

**နေပြည်တော်   ဇွန်   ၁၃**

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်တွင် အောင်မြင်မှုများရရှိနေသည့် မြန်မာ ယူ-၂၃ ဘောလုံးအသင်းနှင့် ဆုတံဆိပ်အသီးသီးရရှိထားကြသည့် မြန်မာအားကစားသမားများ၊ နည်းပြများအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံသားအားလုံးက ဝမ်းသာဂုဏ်ယူလျက်ရှိသည်။

အောင်ပွဲနှင့်အတူ ပြန်လာကြမည့် အားကစားသမားများအား မြန်မာပြည်သူလူထုက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုရန် စိတ်အားထက်သန်လျက်ရှိနေသည်။

ကျန်ရှိသည့် ပြိုင်ပွဲများတွင် ဆက်လက်အနိုင်ရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြပါရန် တိုက်တွန်းအားပေးလျက်ရှိနေကြောင်းကို မြန်မာ ယူ-၂၃ ဘောလုံးအသင်းနှင့် ကျန်ပြိုင်ပွဲဝင်အားကစားသမားများအား အသိပေးပြောကြားပေးစေလိုကြောင်း နိုင်ငံတော်သမ္မတကြီးက ဇွန် ၁၃ ရက် ညနေပိုင်းတွင် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသော အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ ဖုန်းဆက်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အားကစားစိတ်ဓာတ်နှင့် စည်းကမ်းလိုက်နာမှု အားကောင်းလာသော မြန်မာပရိသတ်များ

**ရန်ကုန်   ဇွန်   ၁၃**

**နေရာ-မဟာဗန္ဓုလပန်းခြံ**
**အချိန်-မွန်းလွဲ ၁၂ နာရီခွဲ**
**(မြန်မာနှင့်ဗီယက်နမ် အကြိုဗိုလ်လုပွဲ)**

လွတ်လပ်ရေးကျောက်တိုင်ကြီးကို နောက်ခံပြု၍ မြက်ခင်းစိမ်းပေါ်တွင် ပရိသတ်တစ်သောင်းကျော်တို့ စုရုံး ရောက်ရှိနေကြသည်။ မြန်မာနိုင်ငံတော်အလံကို လွှင့်ကိုင်ထားသူများ၊ မြန်မာစာတန်းပါ နဖူးစည်း ချည်နှောင်ထားသူများနှင့် မြန်မာဘောလုံးသမားများ၏ ဝတ်စုံဆင်တူဝတ်ဆင်ထားသူများ အပါအဝင် ပရိသတ်ကြီးအားလုံးက နိုင်ငံတော်သီချင်းကို တညီတညွတ်တည်း သံပြိုင်သီဆိုနေကြသည်။

အားလုံး၏ မျှော်လင့်ချက်မှာ လွန်ခဲ့သော နှစ် ၂၀ ခန့်က တင်ရှိခဲ့သည့် အားကစားရာဇဝင်ကြွေးကို ဆပ်ရန်ဖြစ်ပြီး ကွင်းအတွင်း နေရာယူထားပြီးဖြစ်သည့် မြန်မာဘောလုံးသမားများ၏ ရလဒ်ကို အယ်လ်အီးဒီမြင်ကွင်းကျယ်မှတစ်ဆင့် ရင်ခုန်စွာ စောင့်ကြည့်နေကြသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ အယ်လ်အီးဒီဘုတ်တွင် မြန်မာဘောလုံးအသင်းအား မိုးထဲရေထဲမှ အားပေးနေသော မြန်မာပရိသတ်များ၏ ပုံရိပ်အချို့။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ပွဲအပြီးတွင် ကျန်ရစ်သော အမှိုက်များကို မည်သူ့တိုက်တွန်းမှုမျှမပါဘဲ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဤသို့ ကောက်ယူရှင်းလင်းခဲ့ကြသည်ကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ယူကရိန်းပဋိပက္ခကြောင့် ကလေးငယ်များသေဆုံးမှု ၆၈ ဦး ရှိခဲ့ပြီဟု ယူနီဆက်ဖ်ပြော

စာမျက်နှာ-၄

## လက်တင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်နွေးထွေးစေရန် ကြိုးပမ်းနေသည့် အမေရိကန်ပြည်ထောင်စု

နိုင်ငံတကာရေးရာသုံးသပ်ချက်၊ စာမျက်နှာ-၅




Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488




## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၆၉**

ဦးအောင်ကျော်ဦး **နှင့်** ၁။ ဦးဝင်းမောင်
၂။ ဦးဇော်လင်း
၃။ ဦးသန်းအေး
၄။ ဦးတင်အုန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ် ၆၀၊ ဇရာဝဏ်လမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်နေ (၁) ဦးဝင်းမောင်၊ အမှတ်(၆၁/က)၊ ဇရာဝဏ်လမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်နေ(၂) ဦးဇော်လင်း၊ အမှတ်(၃၆၇)၊ နဝရတ်(၂)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်နေ(၃) ဦးတင်အုန်း၊ (၄)ဦးသန်းအေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးအောင်ကျော်ဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ပြင်ဦးလွင်မြို့၊ ညောင်နီကျေးရွာအုပ်စု၊ ရွှေမြင့်သာကျေးရွာ၊ ဦးပိုင်အမှတ် (၁၈၅/၄)၊ ကွင်းအမှတ် (၁၉)၊ ဧရိယာ ၃ ဒသမ ၅၀ ဧကနှင့် ပြင်ဦးလွင်မြို့၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၉)၊ ရွှေမြင့်သာ၊ ဦးပိုင်အမှတ် (၂၁၉)၊ ဧရိယာ ၁ ဒသမ ၅ ဧကရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ယွန်းနူး(ဘ)ဦးဂျိုးဇက် ၁/မကန(နိုင်) ၀၀၂၄၃၇၊ ရွှေမြင့်သာကျေးရွာ၊ ရပ်ကွက်ကြီး ၁၄၊ ပြင်ဦးလွင်မြို့နေသူမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဘာဘူရမ်း(ဘ)ဦးဂန်ဂါရမ်း ၉/မမန(နိုင်)၀၂၁၇၈၄၊ အမှတ် (၂၇၁/၂၇၅)၊ အနော်ရထာလမ်း၊ ငါးလွှာ-ဘီ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၅/၂၀၁၄)ဖြင့် လွှဲအပ်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ယခုအခါပြန်လည်ရောင်းချတော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သွန်ကြားချက်အရ-**
**ဦးအောင်စန်းဌေး LL.B၊ ဒေါ်အိအိထွေး LL.B, PGDE, D.I.L**
**စဥ်-၄၃၂၆၂ စဥ်-၄၂၇၂၆**
**အထက်တန်းရှေ့နေများ**
**အမှတ် (၂၄၀)၊ပြည်တော်သာ ၅ လမ်း၊ ရကက(၅)၊ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ ဦးအောင်ဆန်းဝင်း၏သမီး မအေးသီရိဖြိုး အား ယနေ့မှစ၍ မအိသွန်းရတီဟု ပြောင်းလဲခေါ်ပါရန်။ **မအိသွန်းရတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ သိမ်ကုန်းအုပ်စု၊ ကပေါင်းကွင်းရွာနေ မောင်ရန်ပိုင်ထွေး ၁၄/လမန(နိုင်)၀၈၀၉၂၄ ၏ ဖခင်အမည်မှန်မှာ ဦးအဒူး ၁၄/အဂပ(နိုင်) ၀၁၈၈၉၄ ဖြစ်ပါကြောင်း။ **မောင်ရန်ပိုင်ထွေး**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ် ၁၃၁ အခြေခံပညာမူလတန်းကျောင်း တတိယတန်းမှ မောင်ချမ်းသာထိုက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၁၂/အစန(နိုင်)၀၀၆၈၈၇ ဖြစ်ပါကြောင်း။
**ဦးဝင်းမောင်**

## မိဘအမည်မှန်

နေပြည်တော်၊ ပျဉ်းမနား အထက (၂) အဋ္ဌမတန်း (B) မှ မအိမြတ်မွန်၏မိဘအမည်မှန်မှာဦးတင်ထွေးအောင်-ဒေါ်ကျော့မေလွင်ဖြစ်ပါကြောင်း။
**ဦးတင်ထွေးအောင်-ဒေါ်ကျော့မေလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/9963, MITSUBISHI CANTER Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်စိန် ၁၂/သကတ(နိုင်)၀၁၄၇၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## 900 in (20)Patterns
## (၂၀)ပုံစံသက်သေခံ

**ဦးနေဝင်းက မြန်မာတွေ မြက်စားနေတာမဟုတ်ဘူးတဲ့(ခပေါင်း)**

**(၁) မြက်စားနေရင် ၉၀၀ ပင်ကျက်ချင် နွားနဲ့အတိုင်အလှည့်။**

**(၂) မြက်မစားရင် Pattern (၂၀)ဝင်၊ သိလျှင် နွားဘဝမရောက်စေရ။**

**မောင်ခေတ်မီ ဖုန်း-၀၉-၄၀၃၇၂၁၉၅၂၊ ၀၉-၇၉၅၉၂၅၂၇၇**

## ဆီအုန်းပျိုးပင်ရောင်းရန်ရှိသည်

ယခုနှစ်မြေချရာသီအမီ၊
အသင့်စိုက်ပျိုးနိုင်မည့်၊
ကော်စတာရီကာနိုင်ငံမှ တင်သွင်းထားသော၊
ကျန်းမာသန်စွမ်းသည့် နိုင်ငံခြားမျိုးဆီအုန်း
ပျိုးပင်များ ရောင်းရန်ရှိသည်။
(ကိုယ်တိုင်လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါသည်)

စုံစမ်းရန် - ၀၁ ၅၆၀၇၁၉
- ၀၉၅၀ ၂၉၃၉၉
- ၀၉၇၃၁၄၇၈၇၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၇၄၃၆၂ New Anbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၈/စလန(နိုင်)၀၇၇၅၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/3478 Nissan AD VAY 12,S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်ဆိုက်(ခ)နန်းယဉ် ၁၃/လရန(နိုင်)၀၈၆၉၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး (လားရှိုး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**မြိတ်မြို့ မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

ဦးသန့်ဇင်ထွန်း **နှင့်** ၁။ ဦးဝင်းအောင်
၂။ ဦးခင်မောင်လေး

**တရားလို** **တရားပြိုင်များ**

(၁) တရားပြိုင်ဦးဝင်းအောင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေးမြိုင်စက်မှုဇုန်၊ အင်းလေးမြိုင်ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အတွင်းပိုင်ဆိုင်မှု တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်နေသူအား ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(သိမ့်သိမ့်အေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး-မြိတ်မြို့**

## အများပြည်သူသိရှိရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကညံ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၅၄ ကညံ့၊ ဦးပိုင်အမှတ် ၅၅။ မြေဧရိယာ ၀ဒသမ၁၄၅ဧကအကျယ်အဝန်းရှိ မြေပုံပေါ်တွင် မင်နီဖြင့် (က) အမှတ်ပြ၊ မြေအမျိုးအစား (လန-၃ ခ)ရရှိပြီးသော မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ၊ မီတာအပါအဝင် ယင်းမြေကွက်နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်သိန်း ၆/ထဝန(နိုင်)၀၁၁၅၈၈ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်သွန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ၊ စဥ်-၂၈၁၆၇**
**အမှတ် ၃၉၊ လေးလွှာ(ညာ)၊ ဓမ္မာရုံဖြတ်လမ်း၊ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊**
**ဖုန်း-၀၉-၄၃၀၈၄၁၅၅၊ ၀၉-၇၉၈၁၀၄၆၁၄**

